

စိတ်ကူးချိုချိုအနုပညာ





တက္ကသိုလ်ရွှေရီဝင်း

# ထူးဆန်းသောကမ္ဘာလိပ်

## နှင့် နိုင်ငံတကာပုံပြင်များ



mgyoe.com

စိတ်ကူးချိုချိုစာအုပ်တိုက်ထုတ်
ဈေးနှုန်းချိုသာ၍
ရည်ရွယ်ချက်ကောင်းမွန်ကာ
ဖတ်ရှုရာတွင် စွဲမက်ဖွယ်ဖြစ်သော
ပုံပြင်စာအုပ်များ

မောင်ဗိုလ်မွေး၏
မြန်မာ့ရိုးရာ ပုံတိုပတ်စများ
ဒေါက်တာခင်ရီဝင်း၏
မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ - ၁
ဒေါက်တာခင်ရီဝင်း၏
မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ - ၂
ဒေါက်တာခင်ရီဝင်း၏
မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ - ၃
ကြည်နိုင်၏
မောင်ကျွန်တစ်တို့ နှင့် မြန်မာစကားပုံ ပုံပြင်များ
ကြည်နိုင်၏
မကောင်းကြံတန်ပြန်ထိ နှင့် မြန်မာစကားပုံ ပုံပြင်များ
ကြည်နိုင်၏
နံ့စုတ်ငှက်ငယ် စကားကြွယ် နှင့် မြန်မာစကားပုံ ပုံပြင်များ
မောင်မောင်သက်(ဂျပန်) ၏
ဂျပန်ရိုးရာပုံပြင်များ
တက္ကသိုလ်ရွှေရီဝင်း၏
မှော်ဆရာကြီး၏ လက်ဆောင်များနှင့် နိုင်ငံတကာပုံပြင်များ
တက္ကသိုလ်ရွှေရီဝင်း၏
ထူးဆန်းသောကမ္ဘာလိပ်နှင့် နိုင်ငံတကာပုံပြင်များ

SYW0001
800.00 KS

mgyoe.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၈၈၀၉၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၀၄၀၁၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း **ဏ.ဒ.ဝ** ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ ဇွန်လတွင် တန်ဖိုး ၁၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏ အမှာစာ | ၃ |
| ၁။ | ထူးဆန်းသောကမ္ဘာလိပ် (ဖိလစ်ပိုင်) | ၅ |
| ၂။ | ဆန္ဒသုံးခု (ဟန်ဂေရီ) | ၁၃ |
| ၃။ | ကျီးနှင့်အလင်းရောင် (အာလစကာ) | ၂၀ |
| ၄။ | သစ္စာရှိသောဘဲငန်းလေး (နယ်သာလင်) | ၂၇ |
| ၅။ | စကားပြောတတ်သောခိုလေး (မလေးရှင်း) | ၃၅ |
| ၆။ | မသာလည်းတ၊ သာလည်းတ (မြန်မာ) | ၅၁ |
| ၇။ | အသွင်မတူ အိမ်သူမဖြစ် (ပြင်သစ်) | ၅၅ |
| ၈။ | ကြွက်နှင့်ကြောင် မတည့်ရသောအကြောင်း (ပြင်သစ်) | ၆၄ |
| ၉။ | မာနကြီးသော ညီအစ်မခုနစ်ယောက် (အင်္ဂလန်) | ၇၁ |
| ၁၀။ | ကြွတ္တိကာကြယ်ဖြစ်ပေါ်လာပုံ (မြန်မာ) | ၇၆ |
| ၁၁။ | နှုတ်မလုံတာ ဘယ်သူလဲ (ထရိပူရ) | ၇၉ |
| ၁၂။ | ဖြစ်သမျှအကြောင်း အကောင်း (နော်ဝေး) | ၈၂ |
| ၁၃။ | သူငယ်ချင်းပျောက်ရှာပုံတော် (အိန္ဒိယ) | ၈၈ |
| ၁၄။ | မာနကြီးခြင်းမဟုတ်ပါ (မီရူး) | ၉၅ |


mgyoe.com

mgyoe.com


၁၅။ ခွေးနှင့် ဆိတ်တို့ မတည့်ကြသည့်အကြောင်း (မဏိပူရ) ၉၉
၁၆။ အလှချင်းပြိုင်ကြရာဝယ် (အင်္ဂလန်) ၁၀၁
၁၇။ တွီချောင်းမြစ်ဖြစ်ပေါ်လာပုံ (ထရိပူရိ) ၁၀၇
၁၈။ ဟန်ဆောင်သူ (မဏိပူရ) ၁၁၁
၁၉။ ငါးမင်းသားလေး (အာရပ်) ၁၁၄
၂၀။ ကြောင်မဟုတ်သောကြောင် (အာရပ်) ၁၂၁
၂၁။ လိုတရဦးထုပ်နီ (ဖင်လန်) ၁၂၈
၂၂။ တစ်ခါကယ်ဖူး သူ့ကျေးဇူး (ဖင်လန်) ၁၃၆
၂၃။ သပိတ်လွယ်ငှက်သိုက် (ဖင်လန်) ၁၄၁
၂၄။ သီချင်းဆိုသောဖားပြုပ်လေး (မက္ကဆီကို) ၁၄၄
၂၅။ မသဘာဝ (အင်္ဂလန်) ၁၅၆
၂၆။ မျှော်စင်ပေါ်မှမိန်းကလေး (ဂရိ) ၁၆၂
၂၇။ သဲကျုံးရွှေဖြစ်သူ (ဂရိ) ၁၆၉


mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာစာ

"ဟိုးရှေးရှေးတုန်းက..." ဟု အစချီသော ပုံပြင်များကို စာရေးသူ ငယ်စဉ်ကလေးဘဝကပင် မိဘဘိုးဘွားတို့ထံမှ ကြားနာပျော်ပိုက်ခဲ့ရပါသည်။

ကျောင်းနေချိန်ရောက်၍ စာဖတ်တတ်သည့် အခါတွင်လည်း မိမိကိုယ်တိုင် ပုံပြင်စာအုပ်များနှင့် ဖတ်ရှုမွေ့လျော်ခဲ့ရပါသည်။ ထို့အပြင် သူငယ်ချင်းများနှင့် ကြားဖူး မှတ်ဖူးရာ ပုံတိုပတ်စများ အပြန်အလှန်ပြောကြရင်းနှင့် ပုံပြင်ကို မေ့မရခဲ့ပါ။ အိမ်ထောင်ရက်သား ကျသောအခါတွင် မိမိ၏ရင်သွေးများကို "ဟိုးရှေးရှေးတုန်းက..." ဟု အစချီကာ ပုံပြင်များကို မှတ်မိ စွဲလမ်းစွာ ပြန်လည် ပြောပြနေရပါပြီ။

ထိုကဲ့သို့ပင် ပုံပြင်များသည် အစဉ် နှပျိုလန်းဆန်းစွာ ခေတ်အဆက်ဆက် လူကြီး၊ လူငယ်၊ ကလေးများ၏ရင်ထဲတွင် အဆင့်ဆင့်ကူးပြောင်းရှင်သန်မြဲ ရှင်သန်လျက် ရှိပါသည်။

သို့ရာတွင် တစ်ဆင့်စကား တစ်ဆင့်နားနှင့် ခရီးဆက်လာခဲ့သော ပုံပြင်များစွာတို့သည် အချိန်ကြာညောင်းလာသည်နှင့် အမျှ

mgyoe.com

mgyoe.com

ပျောက်ကွယ် မှိန်ဖျော့သွားမည်ဆိုလျှင် အလွန်နှမြောဖွယ်ရာ ဖြစ်ပါသည်။ နိုင်ငံတကာတွင် ကလေး၊ လူကြီးဖတ်ချင်စဖွယ် ပုံပြင်စာအုပ်များစွာကို ထုတ်ဝေဖြန့်ချိလျက်ရှိသော်လည်း စာရေးသူတို့နိုင်ငံမှာမူ ပုံပြင်စာအုပ်များ အခန်းကဏ္ဍကို ကျယ်ပြန့်စွာ မတွေ့ရနိုင်သေးပါ။

ယခု စုစည်းထားသောပုံပြင်များမှာ စာရေးသူကြားဖူး၊ ဖတ်ဖူး၍ မှတ်သားထားသမျှကို စုဆောင်းထားသောပုံပြင်များ ဖြစ်ပါသည်။ ပုံပြင်များမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအရပ်ရပ်မှ ရိုးရာပုံပြင်များ ဖြစ်ပါသည်။ ပုံပြင်များမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအရပ်ရပ်မှ ရိုးရာပုံပြင်များ ဖြစ်ကြပါသည်။

ပုံပြင်ချစ်သူ ကလေး၊ လူကြီးအားလုံးအတွက် စာရေးသူ စုဆောင်းထားသော "ဟိုးရှေးရှေးတုန်းက..."ဟု အစချီထားသော ပုံပြင်များကို စာဖတ်သူအားလုံးနှင့် ပြောပြ မျှဝေခံစားစေချင်သော စေတနာ ဖြစ်ပါသည်။

**တက္ကသိုလ်ရွှေရိုင်း**

mgyoe.com

ထူးဆန်းသော
ကမ္ဘာလိပ်

mgyoe.com



mgyoe.com

mgyoe.com

# ထူးဆန်းသော ကမ္ဘာလိပ်

ဟိုးရှေးရှေးက လီကမ်ဘိ (LEKAMBAI) ဟု အမည်တွင်သော ကျွန်းသားသည် ဆာမိုအာ (SAMOA) ကျွန်းတွင် နေထိုင်သည်။ တစ်နေ့တွင် သူငါးမျှားနေစဉ် အလွန်ပြင်းထန်သော လေမုန်တိုင်း တိုက်ခတ်သဖြင့် လေထဲသို့ ပါသွားသည်။ သူသည် လေမုန်တိုင်း တိုက်ခတ်ရာသို့ ပါသွားရင်း ပင်လယ်မှ တစ်ဆင့် အလွန်ထူးဆန်း သော ကျောက်တောင်တစ်တောင်၏ခြေရင်းတွင် သွား၍ တင်နေ သည်။ ကျောက်တောင် ပတ်ဝန်းကျင်တွင် ဆီးနှင်းများ၊ မြူများ ကျကာ၊ ပိန်းပိတ်စွာမှောင်နေသည်။

လီကမ်ဘိသည် ထိုတောင်ပေါ်သို့ တွယ်တက်ခဲ့သည်။ ထိုသို့ တောင်ပေါ်သို့ တွယ်တက်ရင်း မောလွန်းသဖြင့် မကြာခဏနား၍ တက်ရသည်။ နောက်ဆုံးတွင် တိမ်တောင်တိမ်လိပ်များကြားရှိ မိုး နတ်သားများနေထိုင်ရာ တိုင်းပြည်ဆီသို့ ရောက်သွားသည်။ မိုးနတ် မင်းကြီးသည် လီကမ်ဘိ၏အဖြစ်အပျက်ကို သိရသောအခါ သနား သွားပြီး သူ့ကျွန်းပေါ်သို့ ပြန်ပို့ရန် ကူညီလေသည်။

မိုးနတ်မင်းကြီးက "လီကမ်ဘိ၊ မင်းဟာ မင်းရဲ့မိသားစုနဲ့

mgyoe.com

mgyoe.com

ကွဲကွာပြီး ဒီမှာ တစ်ယောက်တည်းဖြစ်နေတာ ငါ မကြည့်ရက်ဘူး၊ ဒါကြောင့် မင်းကို မင်းရဲ့မိသားစုဆီ ရောက်အောင် ငါ ကူညီမယ်၊ အဲဒီကူညီမှုကို မင်းက ပြန်ပြီး ကျေးဇူးဆပ်ရမယ်" ဟု ပြောသည်။

လီကမ်ဘီကလည်း ဝမ်းသာအားရ သဘောတူလေသည်။

ထိုအခါ နတ်မင်းကြီးက အောက်ပါအတိုင်းပြောပြသည်။

"လီကမ်ဘီ၊ မင်းကို ငါ ကမ္ဘာလိပ်ရဲ့ကျောပေါ်မှာတင်ပြီး မင်းအိမ်ရှိတဲ့ ဆာမိုအာကျွန်းကို ပြန်ပို့ပေးလိုက်မယ်၊ ဒါပေမဲ့ မင်း အချက်နှစ်ချက်ကိုတော့ တော်တော်လေးဂရုစိုက်ရမယ်၊ ဒါက ဘာလဲ ဆိုတော့ မင်း ကမ္ဘာလိပ်ရဲ့ကျောပေါ် ရောက်တာနဲ့တစ်ပြိုင်နက် မျက်စိကို ပိတ်ထားရမယ်၊ ဘာပဲဖြစ်ဖြစ် မင်းမျက်စိကို မဖွင့်ရဘူး၊ အဲ... နောက်တစ်ခုက မင်း ဆာမိုအာကျွန်းကိုရောက်ရင် ငါ့ရဲ့ ကမ္ဘာလိပ်ကို အုန်းသီးတစ်လုံးနဲ့ အုန်းလက်နဲ့ရက်တဲ့ ဖျာတစ်ချပ်ကို ပေးလိုက်ပါ၊ အဲဒီအခါမှာ ငါ့ရဲ့ကမ္ဘာလိပ်ဟာ တွန်ဂါ (TONGA) ကျွန်းက လူတွေဆီကို သွားလိမ့်မယ်၊ ဒါမှ အဲဒီကျွန်းသားတွေဟာ အုန်းပင်လည်း စိုက်တတ်မယ်၊ နောက်ပြီး ဖျာလည်း ရက်တတ်သွားမယ်" ဟု ရှင်းပြသည်။

လီကမ်ဘီသည် နတ်မင်းကြီးကို ကတိအခါခါပေးကာ ကျေးဇူးတင်စကားဆိုပြီး ကမ္ဘာလိပ်ကြီး၏ကျောပေါ် တက်ကာ ထိုင်လိုက်သည်။ လီကမ်ဘီသည် ကမ္ဘာလိပ်၏ကျောပေါ်သို့ တက်၍ ထိုင်လိုက်သည်နှင့် မျက်စိနှစ်လုံးကို အတင်း ပိတ်ထားလိုက်ပါသည်။ ချက်ချင်းပင် ကမ္ဘာလိပ်ကြီးသည် လက်နှင့် ခြေထောက်များ ဆန့်တန်းကာ မိုးကောင်းကင်မှ တစ်ဆင့် ပင်လယ်ဆီသို့ ပျံသွားသည်။ လီကမ်ဘီသည် ရေထဲသို့ဖြတ်သည့်အခါ ရေနစ်မည်ကို စိုးရိမ်မိသော်လည်း မျက်စိနှစ်လုံးကို ဖွင့်မကြည့်ချေ။ နောက်ဆုံးတွင် ကမ္ဘာလိပ်ကြီး

mgyoe.com

mgyoe.com

သည် ပင်လယ်မျက်နှာပြင်ပေါ် ပြန်ပေါ်လာသည်။ ပြီးလျှင် ဆာမိုအာကျွန်းဆီသို့ အရှိန်အဟုန်ပြင်းစွာဖြင့် ကူးသွားသည်။

ထိုစဉ် "လီကမ်ဘီ၊ လီကမ်ဘီ၊ မင်းကို ငါတို့စားဖို့ လာနေပြီ" ဟု အသံမျိုးစုံပေးကာ ငါးမန်းများ ဘေးသို့ ကပ်လာသည်။ သို့သော် လီကမ်ဘီသည် မျက်စိကိုစုံမှိတ်ထားလေသည်။

ငါးမန်းများရန်က အေးသွားသောအခါတွင် "လီကမ်ဘီ၊ လီကမ်ဘီ မင်းကို ရေထဲကျသွားအောင်တိုက်ဖို့ ငါလာပြီ" ဟု ပြောသံကြားကာ လေအပြင်းအထန်တိုက်သည်ကို ခံစားရပြန်သည်။ လီကမ်ဘီသည် နတ်မင်းကြီးစကားကို နားထောင်ပြီး မျက်စိမှိတ်ကာ စိတ်ကို တင်းထားရသည်။

လေပြင်းတိုက်ခတ်မှု ရပ်သွားသည့်အခါ ရေလှိုင်းများက "လီကမ်ဘီ လီကမ်ဘီ၊ မင်းကို ရေနှစ်သတ်ဖို့ ငါတို့လာပြီကွ" ဟု အသံစုံပေးပြန်သည်။ ထိုအခါ လီကမ်ဘီသည် မျက်စိစုံမှိတ်ကာ လက်နှစ်ဖက်နှင့် ကမ္ဘာလိပ်ကို အတင်းဖက်ထားလေသည်။

နောက်ဆုံးတွင် လီကမ်ဘီနှင့် ကမ္ဘာလိပ်တို့သည် ဆာမိုအာကျွန်းသို့ ချောမောစွာရောက်ရှိခဲ့ကြသည်။ လီကမ်ဘီသည် သူ၏ အိမ်ဆီသို့ပြေးကာ သူ့ဇနီးနှင့်ကလေးများကို ရှာလေသည်။ ကလေးများနှင့် ဇနီးကို တွေ့သောအခါ ကမ္ဘာလိပ်ကြီးကို မေ့သွားလေသည်။

လီကမ်ဘီသည် မိသားစုနှင့် ပျော်ရွှင်စွာနေထိုင်ပြီး၊ နှစ်ရက်လောက်ကြာမှ ကမ္ဘာလိပ်ကြီးကို သတိရလေသည်။ သို့သော် နောက်ကျသွားပေပြီ။ သူ၏သူငယ်ချင်းများက ကမ္ဘာလိပ်ကြီးကို သတ်၍ချက်စားရန် ပြင်ဆင်နေကြပေပြီ။ လီကမ်ဘီသည် အလွန် စိတ်မချမ်းမသာ ဖြစ်ရလေသည်။ သူ နတ်မင်းကြီးကိုပေးခဲ့သော ကတိသည် ပျက်ရလေပြီ။ "ငါ ဘယ်လိုလုပ်ပြီး ငါ့ကျေးဇူးရှင်ဆီကို

mgyoe.com

mgyoe.com

အုန်းသီးပို့လို့ ဖြစ်တော့မှာလဲ၊ ငါ့ကိုတော့ နတ်မင်းကြီးက ခွင့်လွှတ်မှာ မဟုတ်ဘူး" ဟု ပြောကာ ငိုကြွေးလေသည်။

လီကမ်ဘီ၏မိတ်ဆွေများမှာလည်း သူတို့ မဆင်မခြင်ပြုမူချက်ကြောင့် စိတ်မကောင်းဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် မြေကြီးကို တွင်းအနက်ကြီးဖြစ်အောင် ခြောက်ရက်တိုင်တိုင် တူးကြလေသည်။ ထိုမြေအောက်တွင် ကမ္ဘာလိပ်ကြီးကို မြှုပ်နှံကြသည်။ ကမ္ဘာလိပ်နှင့်အတူ အုန်းသီးတစ်လုံးနှင့် အုန်းလက်နှင့် ရက်လုပ်သောဖျာတစ်ချပ်ကို ထည့်မြှုပ်လိုက်သည်။ ပြီးလျှင် လီကမ်ဘီ၏ သားငယ် လာဘေ-ပန်နီ (LAVAI-PANI) ကို ထိုကမ္ဘာလိပ်၏ သင်္ချိုင်းတွင် သင်္ချိုင်းစောင့်အဖြစ် ခန့်လေသည်။

သို့နှင့် နှစ်ပေါင်း ရာပေါင်းများစွာ ကြာလွန်သွားသောအခါ ဆာမိုအာကျွန်းသားတို့သည် ကမ္ဘာလိပ်ကြီးနှင့် ၎င်း၏သင်္ချိုင်းကို မေ့လျော့သွားကြသည်။ သူတို့သည် ထိုအဖြစ်အပျက်ကို ရှေးလူကြီးသူမများ ပြောကြားသော ပုံပြင်တစ်ခုကဲ့သို့ပင် မှတ်ယူကြလေသည်။ ပုံပြင်ဟု မမှတ်ယူသူမှာ လီကမ်ဘီ၏သား၊ ကမ္ဘာလိပ်သင်္ချိုင်းကို စောင့်နေရသော လာဘေ-ပန်နီတစ်ယောက်သာ ဖြစ်သည်။ သူ၏ အသက်သည် သင်္ချိုင်းစောင့်သည့်အချိန်မှ စ၍ ကြီးမသွားပေ။ လူငယ်အရွယ်သာရှိနေသည်။ သူ၏မှတ်ဉာဏ်မှာလည်း အတော်ကောင်းလေသည်။ သူ့ဖခင်၏ လွန်ခဲ့သောအဖြစ်အပျက်များကိုလည်း အားလုံးမှတ်မိသည်။ သို့သော် ပါးစပ်မှမူ ထုတ်ဖော်ပြောနေခြင်း မရှိပေ။ ထို့ကြောင့်လည်း လူတိုင်းက သူ့ကို စကားမပြောတတ်သူတစ်ယောက်ဟု ထင်ကြသည်။

သို့နှင့် နတ်မင်းကြီးသည် တွန်ဂါတိုင်းပြည်ဘုရင်နှင့် တွေ့ဆုံကြသောအခါ အဖြစ်အပျက်မှန်ကို သိသွားသည်။ မိုးနတ်မင်းကြီးသည်

mgyoe.com

mgyoe.com

အလွန်စိတ်ဆိုးသွားပြီး အောက်ပါအတိုင်း အမိန့်ပေးလေသည်။

"မင်းရဲ့တပ်သားတွေကို ဆာမိုအာကျွန်းကို လွှတ်ပြီး မော်ကမ္ဘာလိပ်ရဲ့အခွံကို သွားတောင်းချေ။ အဲဒီအခွံနဲ့ လူသားတွေ တစ်ယောက်မှ မမြင်ဖူးတဲ့ ငါးမျှားချိတ် လုပ်ပေတော့"

တွန်ဂါဘုရင်လည်း သူ့တပ်မှ အတော်ဆုံးစစ်သည်များကို ရွေးပြီး ဆာမိုအာကျွန်းသို့ စေလွှတ်ခိုင်းစေသည်။

တွန်ဂါတပ်သားတို့သည် ဆာမိုအာကျွန်းသို့ လှေများဖြင့် ရက်ပေါင်းများစွာ ကူးခတ်၍ သွားကြရသည်။ ဆာမိုအာကျွန်းသို့ ရောက်သော အခါ "ငါတို့ကို မော်ကမ္ဘာလိပ်ကြီးရဲ့အခွံ ပြန်ပေး"ဟု တောင်းလေသည်။

ဆာမိုအာကျွန်းသားတို့သည် တွန်ဂါတို့၏စကားကြောင့် အားရပါးရ ရယ်မောကြလေသည်။

ပြီးလျှင် "ဘာတွေ လာတောင်းနေတာလဲ၊ ဒါက ဟိုတုန်းက လူကြီးတွေပြောတဲ့ ပုံပြင်တွေထဲမှာပဲ ရှိတာ၊ ငါတို့ မင်းတို့ပြောတဲ့ ကမ္ဘာလိပ်အခွံ မပြောနဲ့ ကမ္ဘာလိပ်ရဲ့ သင်္ချိုင်းနေရာကိုတောင် မသိပါဘူး" ဟု ပြောကြသည်။

ထိုအခါ တွန်ဂါတို့က "ဒါဆို မင်းတို့တွေအားလုံးကို ငါတို့ သတ်ပစ်ရလိမ့်မယ်" ဟု ခြိမ်းခြောက်သည်။

ထိုစဉ်တွင် ကမ္ဘာလိပ်၏သင်္ချိုင်းကို စောင့်နေသူ လာဘေ-ပန်နီသည် လူစုနှစ်စုကြားတွင် ဝင်ရပ်လိုက်ပြီး "ငါဟာ ကမ္ဘာလိပ်ရဲ့ အစောင့်ပဲ၊ ဒီနေရာမှာ တူးကြပေတော့၊ ဒီမြေကြီးအောက်မှာ ကမ္ဘာလိပ်ကြီးကို မြှုပ်ထားတာ တွေ့ရမယ်"ဟု ပြောလေသည်။

လာဘေ-ပန်နီ၏စကားကို ကြားသော် ဆာမိုအာကျွန်းသားတို့က ရယ်မောကြသည်။ သူတို့က "ဒီက ရွာသားအဘိုးကြီးတွေ

mgyoe.com

mgyoe.com

တောင် ဘာမှ မသိဘဲနဲ့ မင်းလို ကလေးတစ်ယောက်က ဘယ်လို လုပ်ပြီး သိမှာလဲကွ” ဟု ရှုတ်ချကြသည်။

သို့သော် တွန်ဂါတို့သည် လာဘေ–ပန်နီညွှန်ပြသောနေရာကို တူးကြသည်။ ခြောက်ရက်မြောက်သောနေ့တွင် ကမ္ဘာလိပ်ကြီး၏ အခွံကို တွေ့ကြသည်။ သို့နှင့် ဆာမိုအာတို့သည် တွန်ဂါတို့၏ဘေးမှ လွတ်ကင်းသွားကြသည်။ တွန်ဂါတို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် လိပ်ခွံကြီးကို သယ်ကာ လှေများဖြင့် ပြန်သွားကြသည်။

လှေနှင့် တွန်ဂါကျွန်းသို့ ပြန်ကြရင်း လမ်းတွင် တွန်ဂါတပ်သား တို့သည် တိုင်ပင်ကြသည်။

“ဒီလိပ်ရဲ့အခွံဟာ သိပ်ကို ထူးဆန်းတာပဲ၊ ဆာမိုအာကျွန်းသား လေးဟာ ဒီလိပ်ရဲ့သချိုင်းကို စောင့်ရှောက်နေတာ နှစ်ပေါင်းများစွာ ကြာပေမဲ့ အိုမသွားတာ တော်တော်ထူးဆန်းတာပဲ၊ ဒီတော့ ဒီကမ္ဘာ လိပ်ခွံဟာ အတော်အစွမ်းထက်မှာပဲ၊ ငါတို့တော့ တွန်ဂါကျွန်းကို ဒီလိပ်ခွံသယ်သွားတာထက် ငါတို့လှေကို လေတိုက်တဲ့ဆီကို ရွက် လွှင့်ပြီး လိုက်သွားရရင် ကောင်းမယ်ထင်တယ်၊ ဒီကမ္ဘာလိပ်အခွံက တို့ လမ်းမှာတွေ့မယ့်ဘေးတွေ အားလုံးကို ကာကွယ်ပေးသွားမှာ သေချာပါတယ်”

သို့နှင့် တွန်ဂါတပ်သားများသည် ရွက်လွှင့်ကာ ထွက်ပြေးကြ သည်။ မိုးနတ်မင်းကြီးကလည်း လေနတ်သားကို လွှတ်ပြီး ပင်လယ် ခရီးကို အနှောင့်အယှက်မရှိအောင် ကူညီခြင်းဖြင့် နောက်ဆုံးတွင် ဖီဂျီကျွန်း (Fiji) ဆီသို့ ရောက်ခဲ့ကြသည်။ ထိုတွန်ဂါတပ်သားတို့ ဖီဂျီကျွန်းတွင် အခြေချ နေထိုင်ခြင်းဖြင့် ဖီဂျီကျွန်းသည် လူများ စည်ကားစွာ စည်ပင်သာယာသော ကျွန်းတစ်ကျွန်း ဖြစ်ခဲ့သည်။

ယခုအခါ ဖီဂျီကျွန်းသည် အလွန်လှပသာယာပြီး အုန်းပင်၊

mgyoe.com

mgyoe.com


ထန်းပင်တို့ဖြင့် စိမ်းလန်းလျက်ရှိသည်။ နတ်မင်းကြီးက ဖြစ်စေချင်သည့်အတိုင်း ဆာမိုအာကျွန်းမှ အုန်းပင်များသည် ဖီဂျီကျွန်းတွင် စိမ်းလန်းလျက် ရှိပေပြီ။

အထက်ဖော်ပြပါ ပုံပြင်လေးသည် ဖီဂျီကျွန်းသို့ လူများ မည်သို့မည်ပုံ ရောက်ရှိလာပုံကို ရှေးလူကြီးများ ပြောစမှတ်ပြုသော ပုံပြင်လေး ဖြစ်သည်။ ဖီဂျီကျွန်းသားတို့သည် ယခုတိုင် ကမ္ဘာလိပ်၏ အခွံကို အထွတ်အမြတ်ထားကာ ကိုးကွယ်ကြလေသည်။

❑

mgyoe.com

mgyoe.com



ဆန္ဒသုံးခု

mgyoe.com

mgyoe.com

## ဆန္ဒသုံးခု

ဟိုးရှေးရှေးက ဟန်ဂေရီနိုင်ငံတွင် ဆင်းရဲသားလင်မယား နှစ်ယောက်သည် အိမ်တစ်လုံးတွင် ဆင်းရဲစွာ နေထိုင်ကြသည်။ သူတို့လင်မယား နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် အလွန်ချစ်ခင်ကြသော်လည်း စားစရာမရှိသောအခါတွင် ရန်ဖြစ်ကြလေသည်။ သူတို့နှစ်ယောက်၏ တူညီသောအချက်မှာ နှစ်ယောက်စလုံး အလုပ်လုပ်ရမှာ အလွန်ပျင်းခြင်း ဖြစ်သည်။

တစ်ညနေတွင် ဇနီးဖြစ်သူက ယောကျ်ားစားရန် ညစာကို ချက်ပြုတ်ရန် ပြင်ဆင်လျက်ရှိသည်။ ထိုကဲ့သို့ ပြင်ဆင်ရင်း သူတို့တွင် ဟင်းချက်စရာ ဘာမှမရှိသဖြင့် စိတ်ညစ်မိသည်။

ထိုအခါ သူမစိတ်ထဲတွင် "အင်း... ငါ ရေနွေးဆူအောင် တည်ထားလိုက်မယ်၊ အဲဒီလိုတည်ထားရင်းနဲ့ အလိုလို ဟင်းအိုးကြီးဖြစ်သွားရင် ဒါမှမဟုတ် ဟင်းချိုတစ်အိုးဖြစ်သွားရင် ကောင်းမှာပဲ" ဟု တွေးနေမိသည်။

ထိုအချိန်တွင် သူ၏ယောကျ်ားသည် အိမ်ထဲသို့ ဝင်ရောက်လာလေသည်။ ပြီးလျှင် သူ့ဇနီးဘေးရှိခုံတန်းရှည်တွင် ဝင်၍ ထိုင်

mgyoe.com

mgyoe.com

လိုက်သည်။ ပြီးလျှင် မီးဖိုရှိ မီးတွင် လက်နှစ်ဖက်ကို မီးကင်နေသည်။ ထိုနေ့ညသည် အလွန်အေးလျက်ရှိသည်။

သူဆင်းရဲက "ငါမရှိတုန်း ဧည့်သည်လာသေးလား" ဟု မေးလိုက်သည်။

သူ့မိန်းမက "တစ်ယောက်မှ မလာပါဘူးရှင်၊ ဘာဖြစ်လို့မေးတာလဲ၊ ရှင်ကြည့်ရတာ အိမ်ကို ဧည့်သည်လာဖို့ သေချာနေလို့မေးပုံမျိုးပဲ" ဟု ပြန်မေးလိုက်သည်။

ယောကျ်ားကလည်း "ငါ အိမ်အပြန်မှာ ထူးထူးဆန်းဆန်းဖြစ်ပျက်တာရှိလို့ပါ၊ ငါ သစ်တောကိုဖြတ်ပြီး လျှောက်လာတုန်း ငါ့ရှေ့မှာ အမည်းရောင်တစ်ခုခုကို လှမ်းပြီး တွေ့ရတယ်၊ နောက်ပြီး ငါတွေ့ရတဲ့အရာဝတ္ထုဟာ အတော့်ကို သေးတယ်၊ အေး... ဒါနဲ့ပဲ ငါ အဲဒီအရာနားလည်း ရောက်သွားရော ငါ တော်တော်လေး တအံ့တသြဖြစ်ခဲ့ရတယ်" ဟု ပြောပြသည်။

ယောကျ်ားဖြစ်သူသည် စကားအဆုံးတွင် ခေတ္တမျှ နားလိုက်သည်။ မိန်းမလုပ်သူက အလွန်သိချင်လှစွာဖြင့် "ကဲ... ပြောလေ နောက်တော့ ရှင် ဘာတွေ့ရတာလဲလို့" ဟု မေးလိုက်သည်။

ယောကျ်ားဖြစ်သူက "ပြောပါ့မယ်ကွာ... ခဏနားတာပါကွ၊ အေး ငါတွေ့တာက လှည်းသေးသေးလေးကွ၊ လှည်းလေးရဲ့အမြင့်က တစ်ကိုက်သာသာလောက်ပဲ ရှိတယ်၊ အဲဒီလှည်းမှာ မြင်းအစားခွေးနက်နှစ်ကောင် ဆွဲတယ်၊ အဲဒီလှည်းဟာ ရွံ့ထဲမှာ ဘီးနစ်နေလို့ခွေးနှစ်ကောင်က ဘယ်လိုမှ ဆွဲလို့မရ ဖြစ်နေတယ်၊ အဲဒီလှည်းပေါ်မှာတော့ မိန်းကလေးတစ်ယောက်ဟာ ရွှေချည်နဲ့ရက်ထားတဲ့ အဝတ်ကို ဝတ်ပြီး လှလှပပလေး ထိုင်နေတယ်၊ သူ့ကြည့်ရတာ လှည်းပေါ်ကဆင်းဖို့ ကြောက်နေပုံပဲ၊ ကြောက်မှာပေါ့လေ... ဘာဖြစ်လို့လဲဆို

mgyoe.com

mgyoe.com

တော့ သူ့ရဲ့ရွှေအင်္ကျီကို ရွှံ့ပေမှာ စိုးတာကိုး”ဟု ပြောပြသည်။

ထို့နောက် ယောက်ျားဖြစ်သူက ဆက်၍ရှင်းပြသည်။

“ဒါနဲ့ သူက ကျွန်မကို တစ်ဆိတ်လောက် ကူညီပါရှင်၊ ဒီလှည်းကို ရွှံ့ထဲကနေ မြေပေါ်ရောက်အောင် တွန်းပေးပါ၊ ရှင်အခုလို ကူညီတဲ့အတွက် အလကားမဖြစ်စေပါဘူး၊ ရှင့်အတွက် ကောင်းတဲ့အကျိုးတွေ ပေးပါလိမ့်မယ်” လို့ ပြောတယ်။ ဒီတော့ ငါလည်း ပခုံးနဲ့တွန်းပြီး တင်လိုက်တာ၊ ရွှံ့ထဲကနေပြီး လှည်းဟာ လွတ်သွားတယ်၊ အဲဒီအခါမှာ လှည်းပေါ်က အမျိုးသမီးက ငါ့မှာ မိန်းမရှိလားလို့မေးတယ်၊ နောက်ပြီး ငါတို့ရဲ့အိမ်အခြေအနေကို မေးတယ်၊ ငါကလည်း ငါတို့ ဘယ်လောက်ဆင်းရဲတဲ့အကြောင်း ပြောတော့ သူက “ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့၊ ရှင့်အိမ်ကိုသာ ချက်ချင်းပြန်ပါ၊ ကျွန်မ ရှင့်ကို သုံးခုသောဆန္ဒပြည့်ဖို့ တာဝန်ယူပါတယ်၊ အဲဒီဆန္ဒသုံးခုဟာလည်း ရှင့်မိန်းမရဲ့ ဆန္ဒသုံးခုသာ ဖြစ်ရမယ်” လို့ ပြောတယ်။

ပြီးတော့မှ သူ့လက်ထဲမှာကိုင်လာတဲ့ ကြိမ်လုံးနဲ့ ခွေးနှစ်ကောင်ကို ရိုက်လိုက်တာ၊ ငါ့မျက်စိအောက်ကနေပြီး ချက်ချင်း ပျောက်သွားကြတယ်၊ “ငါကတော့ ဒီအမျိုးသမီးဟာ နတ်သမီးလေးပဲ ဖြစ်ရမယ်ထင်တယ်” ဟု အဆုံးသတ်လိုက်သည်။

သူဆင်းရဲမိန်းမသည် ယောက်ျားစကား ဆုံးသည်နှင့် “အလကားပါ... ဒီလိုဖြစ်တာမျိုးဟာ ပုံပြင်တွေထဲမှာပဲ ရှိတာပါ၊ ရှင့်ကို ဟိုဟာမက အရူး လုပ်တာဖြစ်မှာပါ” ဟု မကျေမနပ်နှင့် ပြန်ပြောလေသည်။

ယောက်ျားကလည်း သူပြောသည့်စကားကို မယုံကြည်သောကြောင့် အလွန်စိတ်ဆိုးသွားသည်။ ထို့ကြောင့် “ဒါဆိုလည်းကွာ

mgyoe.com

mgyoe.com

မင်းမယုံရင် တစ်ခုလောက် ဆန္ဒပြုကြည့်ပေါ့၊ ဘာဖြစ်မလဲဆိုတာ ကြည့်ရတာပေါ့" ဟု တိုက်တွန်းလိုက်သည်။

မိန်းမဖြစ်သူသည် သူ့ယောကျ်ားအား သရော်ချင်သဖြင့် သူ့ခေါင်းထဲတွင်ပေါ်လာသော အကြောင်းကို ဆန္ဒပြုလိုက်သည်။

"ကျွန်မတို့နှစ်ယောက် ကျော်စားဖို့ ဝက်အူချောင်း အရှည်ကြီး တစ်ချောင်း လိုချင်တယ်" ဟု ပြောလိုက်သည်။

သူမဆန္ဒအဆုံးတွင် မီးဖိုခေါင်းတိုင်မှ နေ၍ ဒယ်အိုးတစ်လုံးသည် ပျံဝဲကျလာသည်။ ထိုဒယ်အိုးထဲတွင် အလွန်ရှည်သော ဝက်အူချောင်းကြီးသည် ပါဝင်လာသည်။ ထိုဝက်အူချောင်း၏အရှည်သည် သူတို့၏တဲအိမ်လေးကို ရစ်ပတ်၍ ရလေသည်။

လင်မယားနှစ်ယောက်စလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်းသဖြင့် "ဟာ... ဟန်ကျတာပဲ၊ ဒါဆို ငါတို့နှစ်ယောက် ဆန္ဒတစ်ခုပြုဖို့အတွက် သတိထားစဉ်းစားပြီးမှ ပြုမှဖြစ်မယ်" ဟု အော်ဟစ်နေကြသည်။ လင်ယောကျ်ားက "လောကမှာ ပိုက်ဆံဟာ အရေးအကြီးဆုံးပဲ၊ ပိုက်ဆံရှိမှ ငါတို့ ဝယ်ချင်တာ ဝယ်လို့ရတယ်၊ ပထမဆုံး ငါတို့ နွားတစ်ကောင်ရယ်၊ သိုးတစ်ကောင်ရယ်၊ ဝက်တစ်ကောင်ရယ် ဝယ်ရမယ်။ နေဦး၊ နွားတစ်အုပ်နဲ့ သိုးတစ်အုပ် ဝယ်လောက်အောင် ပိုက်ဆံရရင်... ပိုက်ဆံများများရရင် နွားတစ်ကောင်၊ သိုးတစ်ကောင် ဘယ်ဟုတ်မလဲ၊ နွားတစ်အုပ်၊ သိုးတစ်အုပ်၊ ဝက်တစ်အုပ်..." ဟု ပါးစပ်မှ ပြောလျက်ရှိသည်။

ယောကျ်ားသည် အလွန် စိတ်လှုပ်ရှားနေသောကြောင့် သူ့လက်ထဲမှ ဆေးတံသည် မီးဖိုထဲသို့ ပြုတ်ကျသွားသည်။ ထိုအခါတွင် ထိုဆေးတံကို ကမန်းကတန်းပြန်ယူရင်း မီးဖိုပေါ်ရှိ ဝက်အူချောင်း ထည့်ထားသော ဒယ်အိုးကို တိုက်မိလေသည်။

mgyoe.com

mgyoe.com

မိန်းမက "တော်တော်နမော်နမဲ့နိုင်တဲ့ ယောကျ်ားပဲ၊ ရှင့်ကိုယ်ရှင် ဘာလုပ်နေတယ် ထင်လို့လဲ၊ ဒီအိုးထဲက ဝက်အူချောင်းတွေဟာ ရှင့်နှာ ခေါင်းမှာတပ်လျက် ဖြစ်ပါစေရှင်၊ ဒါမှ ရှင်က ခုလို နမော်နမဲ့လုပ်တတ်တာ ပျောက်သွားမယ်" ဟု ပြောလိုက်သည်။

မိန်းမဖြစ်သူသည် စကားအဆုံးတွင် သူ့ပါးစပ်မှ ဆန္ဒပြုမိကြောင်း သတိရပြီး ပါးစပ်ကို လက်ဖြင့်ပိတ်လိုက်သော်လည်း မရတော့ပေ။ သူမ ယောကျ်ား၏နှာခေါင်းတွင် ဝက်အူချောင်းရှည်ကြီးတပ်လျက်ဖြစ်နေပေပြီ။ ယောကျ်ားကလည်း သူ့နှာခေါင်းတွင် ဝက်အူချောင်းကြီး တပ်လျက်ဖြစ်နေ၍ လန့်ဖျပ်ကာ ခုန်လိုက်ရာ ဝက်အူချောင်းကို ခြေဖြင့်နင်းမိရာ သူ၏အသားကို နင်းမိသလို ဖြစ်ကာ အလွန်နာကျင်လေသည်။

သို့နှင့် လင်မယားနှစ်ယောက် မျက်နှာချင်းဆိုင်ကာ ရန်ဖြစ်ကြလေသည်။

"ရှင် အသုံးမကျလို့ အခုလို မဖြစ်သင့်တာ ဖြစ်ရပြီ"

"နင့်ကြောင့် ဆန္ဒတစ်ခု အလကားဖြစ်သွားပြီလေ"

မိန်းမက "ရှင် ဒီဟာကြီးကို ဖြတ်ပစ်လို့မရဘူးလား" ဟု မေးရာ ယောကျ်ားက "ဟေ... ငါ့နှာခေါင်းကိုဖြတ်ပစ်လို့ ရရင်တော့ ရကောင်းရလိမ့်မယ်၊ ဒါက ငါ့နှာခေါင်းနဲ့ တစ်ဆက်တည်း ဖြစ်နေတာ နင် မမြင်ဖူးလား" ဟု စိတ်ဆိုးမာန်ဆိုး ဖြေလိုက်သည်။

မိန်းမဖြစ်သူသည် အေးဆေးစွာဖြင့် "ကျွန်မတို့ ဒီဝက်အူချောင်းကို ဓားနဲ့ဖြတ်ပစ်လိုက်တာပေါ့" ဟု ပြောလိုက်သည်။ သို့သော် ဝက်အူချောင်းကို ဓားနှင့် ထိမိတိုင်း ယောကျ်ားဖြစ်သူမှာ နှာခေါင်းကို ဓားနှင့် ထိမိသလို ခံစားရကာ နာကျင်နေလေသည်။

ထိုအခါ ယောကျ်ားက "ဟဲ့... ဒါ ငါ့ရဲ့အသားကွ၊ ငါ့အသားကို နည်းနည်းလေးမှ အထိမခံနိုင်ဘူးကွ၊ မင်းမှာရှိတဲ့ နောက်

mgyoe.com

mgyoe.com

ဆုံးဆန္ဒတွေကို အသုံးပြုပြီး ဒီဝက်အူချောင်းကို ဒယ်အိုးထဲ ပြန်ရောက်အောင်လုပ်စမ်းပါ" ဟု အော်၍ ပြောလေသည်။

မိန်းမလုပ်သူက "ဒါဆိုရင် ကျုပ်တို့လိုချင်တဲ့ နွားတို့ သိုးတို့ ဝက်တို့ရော ဘယ်လိုလုပ်မလဲ" ဟု မေးလေသည်။

ယောကျ်ားဖြစ်သူလည်း စိတ်မကောင်းစွာနှင့်ပင် "ငါ တစ်သက်လုံး လူကြားထဲမှာ ဒီလိုနှာခေါင်းကြီးနဲ့ မျက်နှာဘယ်လိုပြရမှာလဲကွာ၊ လူတိုင်းက ငါ့ကိုကြည့်ပြီး ရယ်ကြမှာပေါ့၊ နောက်ပြီး မင်းလည်း ငါ့ကို ဒီပုံစံကြီးနဲ့ဆို ချစ်တော့မှာ မဟုတ်ဘူး" ဟု ပြောလေသည်။


သို့နှင့် လင်မယားနှစ်ယောက် နောက်ဆုံးဆန္ဒအတွက် အကြိတ်အနယ် အတော်ကြာ ရန်ဖြစ်ကြလေသည်။ သို့သော် နောက်ဆုံးတွင် ယောကျ်ားဖြစ်သူက ဇနီးသည်အား သူ့နှာခေါင်းနှင့် ဆက်နေသော ဝက်အူချောင်းကို ဒယ်အိုးတွင်းပြန်ရောက်စေသော ဆန္ဒပြုရန် ဖြားယောင်း၍ ရသွားလေသည်။ သို့နှင့် သူတို့ နတ်သမီးလေးထံမှ ရလိုက်သော ဆန္ဒသုံးခု၏ ရလဒ်မှာ ညစာအတွက် အလွန်ကောင်းမွန်သော ဝက်အူချောင်းကြော်များ ဖြစ်သည်။ ဝက်အူချောင်းများမှာ ထိုနေ့အဖို့သာမက နောက်နေ့များအတွက်ပါ အသုံးဝင်လေသည်။ နောက်ဆုံးတွင် လင်မယားနှစ်ယောက်စလုံး တစ်စုံတစ်ခုကို သဘောတူညီစွာ ဆုံးဖြတ်ချက်ချကြသည်။ အကြောင်းမှာ သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ခွင့်မလွှတ်ဘဲ ငြင်းခုံနေသောကြောင့် သူ့တို့ ရရမည့် နွားများ၊ သိုးများ၊ ဝက်များ ဆုံးရှုံးရခြင်း ဖြစ်သည်။ ထို့ကြောင့် သူတို့နှစ်ယောက် နောက်ထပ် စကားမများကြတော့ဘဲ ပျော်ပျော်ရွှင်ရွှင်ဖြင့် အလုပ်ကို ကြိုးစားလုပ်ကြရန် ဖြစ်သည်။ ထိုကြိုးစားမှုကြောင့် အချိန်မီ သိုးများ၊ နွားများ ဝယ်နိုင်ကြသည်။ သူတို့ လင်မယားသည် အသက်ထက်ဆုံး ပျော်ရွှင်စွာနေကြရလေသည်။

❑

mgyoe.com

mgyoe.com

# ကျီးနှင့်အလင်းရောင်



mgyoe.com

mgyoe.com

## ကျီးနှင့် အလင်းရောင်

ဟိုးရှေးရှေးက ကမ္ဘာ၏ မြောက်ဘက်ခြမ်းဖြစ်သော အလာစကာ (ALASKA) တွင် နေထိုင်သော အက်စကီးမိုး (ESKIMOE)တို့ အရပ်တွင် နေရောင်ကို မည်သည့်အခါမျှ မမြင်ရချေ။ အမြဲတမ်း မှောင်နေသည်။ အလင်းရောင်အဖြစ် ဖျံ၏အဆီဖြင့် ထွန်းညှိရသော မီးအိမ်မှ မီးရောင်ဖြင့် လည်းကောင်း၊ မီးဖိုရာမှရသော မီးရောင်ဖြင့် လည်းကောင်း အလင်းရောင်ရလေသည်။

အမြဲတမ်း မှောင်နေသောကြောင့် အက်စကီးမိုးတို့သည် နေ့အချိန်နှင့် ညအချိန် သတ်မှတ်မှုနှင့် ပတ်သက်၍ အချင်းချင်းစကားများလျက် ရှိကြသည်။ မည်သည့်အချိန်တွင် ထသင့်သည်၊ မည်သည့်အချိန် အိပ်ရမည်ကို သတ်မှတ်ရန် အငြင်းပွားကြသည်။

အလာစကာရှိကျီးပင်လျှင် နေ့အချိန်နှင့် ညအချိန်ကို ခွဲခြားမသိနိုင် ဖြစ်နေသည်။ ကျီးသည် အလာစကာတွင် ပညာအရှိဆုံး သတ္တဝါ ဖြစ်လေသည်။ ပညာရှိကျီး ပြောသမျှစကားသည် အမှန်ဖြစ်သည်ဟု အက်စကီးမိုးတို့က လက်ခံကြသည်။ ယခုကဲ့သို့ ငြင်းခုံနေကြစဉ် ပညာရှိကျီးက ယခုဖြစ်ပေါ်နေသော ပြဿနာအတွက်

mgyoe.com

mgyoe.com

အရေးတကြီးလိုအပ်သည်မှာ နေ၏အလင်းရောင် အနည်းငယ်သာ ဖြစ်သည်ဟု ပြောလေသည်။ ပညာရှိကျီး၏ စကားအဆုံးတွင် အက်စကီးမိုးတို့က "နေအလင်းရောင်ဆိုတာ ဘာလဲကွ၊ သူက ဘာနဲ့ တူသလဲ၊ ငါတို့မြင်လည်း မမြင်ဖူးဘူး၊ ကြားလည်း မကြားဖူးဘူး" ဟု ပြောကြလေသည်။

ပညာရှိကျီးကလည်း စိတ်ရှည်လက်ရှည်ပင် "ခင်ဗျားတို့ဆီမှာ အလင်းရောင်နည်းနည်းရှိရင် တိရစ္ဆာန်တွေကို အဝေးကြီးရောက်သွားပေမယ့် မြင်ရလိမ့်မယ်၊ အခုလို ဆီးနှင်းဖုံးတဲ့ နေရာတွေမှာလည်း ခင်ဗျားတို့သွားလိုတဲ့ နေရာကို မြင်ရမှာ ဖြစ်သလို သစ်တောထူထပ်တဲ့ တောင်ကုန်းတွေပေါ်မှာလည်း မီးအိမ်မလိုဘဲ ခင်ဗျားတို့ မြင်ရမှာပေါ့" ဟု ရှင်းပြသည်။

ပညာရှိကျီး စကားအဆုံးတွင် အလာစကာလူမျိုးတို့သည် ဘစ်ခဲနက်ပင် "နေရောင်ဟာ ငါတို့အတွက် မရှိမဖြစ် လိုအပ်တဲ့ အရာပဲ၊ ခင်ဗျားဟာ အလွန်ပညာရှိတဲ့ကျီး ဖြစ်ပါတယ်၊ ခင်ဗျားပဲ အဲဒီနေရာကို ရအောင်ရှာပေးပါ" ဟု အော်၍ပြောကြသည်။

ပညာရှိကျီးကလည်း "ဟေး... မင်းတို့ပြောသလို ငါဟာ အလွန်ပညာရှိတာ မှန်တယ်၊ ငါ နေရောင်ကို ရအောင် ရှာပေးနိုင်ရင် တော့ အကောင်းဆုံးပဲပေါ့၊ အရေးကြီးတာက ဒီနေရောင်ကို ငါ နိုင်သလောက် သွားသယ်ဖို့ပဲ၊ ဒီအလင်းရောင်ရတော့ မင်းတို့ ကြိုက်သလို အသုံးချကြပေတော့" ဟု ပြော သည်။

အက်စကီးမိုးတို့လည်း အလင်းရောင် လုံးဝမရှိသည်နှင့် စာလျှင် နေရောင်လေးအနည်းငယ်ရလျှင် ကျေနပ်ပြီဟု သဘောကျကာ ပညာရှိကျီးကို ခရီးနှင်စေသည်။ ပညာရှိကျီးသည် နေရောင်ခြည် ရှာရန် မိုင်ပေါင်းများစွာ ပျံသန်း၍ သွားရလေသည်။ ထိုကဲ့သို့

mgyoe.com

mgyoe.com

ပျံသန်းရသဖြင့် တောင်ပံများ ညောင်းလာသည်။ ထိုစဉ် သစ်တော တစ်ခု၏အတွင်းရှိ သစ်ပင်များကြားမှ အလင်းရောင်တန်းများ ထွက်လာသည်ကို တွေ့ရသည်။ အနီးသို့ ချဉ်းကပ်၍ သွားသောအခါ အလွန်ကြီးကျယ်ခမ်းနားသော နှင်းဖုံးနေသော အိမ်ကြီးအတွင်းမှ အလင်းရောင်လေး မြင်တွေ့ရခြင်းဖြစ်သည်ကို တွေ့ရသည်။

ပညာရှိကျီးသည် ရေခဲဖုံးလွှမ်းနေသော ချောင်းတစ်ခုအထက်ရှိ သစ်ကိုင်းပေါ်တွင် နားလိုက်သည်။ မကြာမီ အိမ်ကြီးသခင် ဘုရင့်သမီးတော်သည် ထိုနှင်းအိမ်ထဲမှ ဝေလငါးသားရေဖြင့် ချုပ်ထားသော အိတ်တစ်ခုကို ကိုင်ဆောင်ပြီး ထွက်လာသည်။

ဘုရင့်သမီးတော်လေးသည် ချောင်းဘေးရှိ ရေပိုက်ခေါင်းတွင် သူကိုင်ဆောင်လာသော အိတ်လေးကို ထားပြီး ရေဖြည့်လေသည်။ ထိုအခါ ပညာရှိကျီးသည် မိမိ၏အရေခွံမှ ခွာပြီး ဖုန်မှုန့်အသွင်ပြောင်းလိုက်သည်။ ကျီး၏အရေခွံသည် သစ်ကိုင်းပေါ်တွင် ကျန်ခဲ့သည်။ ဖုန်မှုန့်တဖြစ်လဲ ကျီးသည် ဘုရင့်သမီးတော်လေး၏သားမွေးအင်္ကျီပေါ်တွင် ကပ်၍နေလိုက်သည်။

သမီးတော်လေးသည် ရေအိတ်ကို သယ်ကာ နှင်းအိမ်ကြီးဆီသို့ ပြန်သွားလေသည်။ အိမ်ထဲတွင် ကလေးတစ်ယောက်သည် ကြမ်းပြင်ပေါ်တွင်၊ နေ၏အလင်းရောင်အောက်တွင် ဆော့ကစားနေသည်ကို ပညာရှိကျီး တွေ့ရလေသည်။ ကလေးသည် ဘုရင့်သားတော်ကလေး ဖြစ်သည်။ သမီးတော်သည် ကလေးငယ်ကို ကောက်ချီလိုက်သည်။ ထိုအခါ သမီးတော်လေး၏အင်္ကျီပေါ်တွင် ကပ်နေသော ဖုန်မှုန့်ယောင်ဆောင်နေသောကျီးသည် ကလေး၏နားထဲသို့ ဝင်သွားသည်။

ချက်ချင်းပင် ကလေးသည် အော်၍ ငိုလေသည်။ ထိုအခါ

mgyoe.com

mgyoe.com

ဘုရင်ကြီးက "မငိုပါနဲ့ သားရယ်၊ သား ဘာနဲ့ ကစားချင်လို့လဲ၊ ဖေဖေ့ကို ပြောပါ" ဟု ချော့လေသည်။

ကလေး၏နားထဲတွင် ပုန်းအောင်းနေသော ကျီးက "နေရဲ့ အလင်းရောင်" ဟု ပြောလိုက်သည်။ ထိုအခါ ကလေးက နေအလင်းရောင်ကို တောင်းလေသည်။ ဘုရင်ကြီးကလည်း ကလေး၏အလိုကို ဖြည့်ဆည်းပေးချင်သူ ဖြစ်သည်နှင့်အညီ "သားတော်ကို နေအလင်းရောင်နည်းနည်းကို ဝိုင်းဝိုင်းလေး ပေးလိုက်ပါ" ဟု အမိန့်ပေးလေသည်။ သမီးတော်လေးသည် ဘုရင်၏ အမဲလိုက်ရာတွင် သုံးသော လွယ်အိတ်ကို ဖွင့်ပြီးလျှင် ဘူးကလေးတစ်ဘူးကို ထုတ်လိုက်သည်။ ထိုဘူးလေးကို ဖွင့်ပြီးလျှင် နေအလင်းရောင်ကို ဘောလုံးသေးသေးလေးမျှလောက် ယူပြီး ဘူးလေးထဲ ထည့်လိုက်သည်။ ပြီးလျှင် သူ့မောင်လေးကို ပေးလိုက်သည်။

ကလေးသည် လင်းနေသောဘူးလေးနှင့် ပျော်ရွှင်စွာ ကစားနေလေသည်။ ထိုစဉ် ပညာရှိကျီးသည် ကလေးလက်ထဲတွင် ကစားနေသော နေအလင်းရောင်သည် သူသယ်ဆောင်ရန်အတွက် အနေတော်အရွယ် ဖြစ်ကြောင်း သတိထားမိသည်။ အရေးကြီးသည်မှာ ထိုအလင်းရောင်ကို နှုတ်သီးတွင်ကိုက်၍ သယ်ဆောင်ရန် တစ်ခုခုရှိလျှင် လုံလောက်ပြီဖြစ်သည်။

ချက်ချင်းပင် ကျီးသည် အကြံအစည်တစ်ခု ခေါင်းထဲဝင်လာလေသည်။ ထို့ကြောင့် ကလေးအား လေသံတိုးတိုးဖြင့် "ကြိုးတစ်ချောင်း တောင်းပြီး ဒီဘောလုံးကို ချည်ခိုင်းလိုက်၊ ဒါမှ အဲဒီကြိုးကို ဆွဲပြီး ကြမ်းပေါ်မှာ ကစားရတာ ပိုပြီး ပျော်စရာကောင်းတယ်" ဟု ပြောလိုက်သည်။

ကလေးသည် ကြိုးရသည်နှင့် နေအလင်းရောင် ဘောလုံး

mgyoe.com

mgyoe.com

ပုံသဏ္ဌာန်ကို ကြိုးဖြင့် ချည်လိုက်သည်။ ပြီးလျှင် ပျော်ရွှင်စွာကစားလေသည်။ ဘုရင်ကြီးနှင့် သမီးတော်တို့သည် ကလေးပျော်နေသည်ကို သဘောကျကာ အပြင်သို့ထွက်သွားသည်။

ကျီးကတစ်ဖန် "ကြိုးကို အပြင် လေထဲရောက်အောင် ဆွဲပြီးကစားပါလား၊ ပိုပြီးပျော်စရာကောင်းတယ်" ဟု တိုးတိုးလေး ပြောသည်။ ကလေးကလည်း ကျီးပြောသည့်အတိုင်း ပြုလုပ်လေသည်။ သို့နှင့် ကလေးသည် နန်းအိမ်ကြီး၏အပြင်သို့ ရောက်လာသည်။ အိမ်အပြင်ရောက်သည်နှင့် ကျီးသည် သူ၏အရေခွံ စွန့်ထားသည့် သစ်ကိုင်းဆီသို့ သွားကာ အရေခွံထဲသို့ ဝင်လိုက်သည်။ ပြီးလျှင် ကလေးလက်ထဲရှိ ကြိုးကို ဝင်ပြီးလုကာ ပြေးလေသည်။

ကလေးမှာလည်း ငယ်သံပါအောင် အော်လေသည်။ သို့သော် ကျီးသည် နောက်သို့လှည့်မကြည့်ဘဲ ပျံလေသည်။

သို့နှင့် အလာစကာနှင့် နီးလာသောအခါ ကျီးသည် နေ၏အလင်းရောင် မည်သို့ထွန်းလင်းသည်ကို သိလိုလာသည်။ ထို့ကြောင့် လက်ပေါ်တွင် တင်၍ ကြည့်လေသည်။ ထိုအခါ အလင်းရောင်သည် ဖြာထွက်လာပြီး ထိုအနီးအနားရှိ ရွာတွင် လှပစွာ ထွန်းလင်းလေသည်။ ကျီးသည် သူဖြတ်သန်းရာ ရွာတစ်ရွာရောက်တိုင်း အလင်းရောင်များပေးခဲ့သည်။ သို့သော် သူနေထိုင်ရာ ကမ္ဘာမြောက်ပိုင်း အလာစကာသို့ရောက်သောအခါ သူ့တွင် အလင်းရောင် အနည်းငယ်သာ ကျန်တော့သည်။ ထိုကျန်ရှိသော အလင်းရောင်အားလုံးကို အနှံ့အပြားဖြန့်ဝေလေသည်။

ရွာသူရွာသားများသည် အလွန်ပျော်ရွှင်စွာဖြင့် အော်ဟစ်၍ ကြိုဆိုကြလေသည်။ သူတို့သည် ပျော်လွန်းသဖြင့် သီချင်းများ သီဆိုကြ၊ ကကြနှင့် ညသို့ရောက်လာသည်။

mgyoe.com

mgyoe.com

ပညာရှိကြီးက "ငါ တကယ်လို့သာ နေ့အလင်းရောင်တွေ အားလုံး သယ်လာရင် အလာစကာမှာ မှောင်တယ်ဆိုတာ ရှိတော့မှာ ကို မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီလိုလုပ်ရင် အရှေ့ဘက်အရပ်မှာ ရှိတဲ့ ဘုရင့်နှင်းနန်းတော်ဟာလည်း အလင်းရောင် လုံးဝရှိတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ငါဟာ ဒါ့ထက်ပိုပြီး မသယ်ခဲ့တာဘဲ" ဟု ရှင်းပြလေသည်။

သို့သော် အက်စကီးမိုးတို့မှာ သူတို့ ရသလောက်နှင့် သူတို့ ပျော်ရွှင်မှုအပြည့်အဝ ရရှိခဲ့ပေပြီ။ သူတို့သည် ပညာရှိကြီးကို အလွန် ကျေးဇူးတင်ကြလေသည်။ ထိုအချိန်မှစ၍ အက်စကီးမိုးတို့သည် သူတို့၏ကျေးဇူးရှင် ကျီးတို့ကို မသတ်ခဲ့ကြသည်မှာ ယခုတိုင် ဖြစ်လေသည်။

❑

mgyoe.com

mgyoe.com

# သစ္စာရှိသော ဘဲငန်းလေး

ရှေးရှေးက ပရက်(စ်)တင်းနီးယား တိုင်းပြည်တွင် ဘုရင်ကြီးတစ်ပါး အုပ်ချုပ်သည်။ ထိုတိုင်းပြည်သည် သယံဇာတပေါများ ကြွယ်ဝသည်။ တိုင်းသူပြည်သားများမှာလည်း ပျော်ရွှင်လျက် ရှိကြ သည်။ သို့သော် ဘုရင်ကြီးသည် တိုင်းပြည်ရှိ သယံဇာတများထက် သူ့ဘိုးဘွားဘီဘင် လက်ထက်က မြှုပ်နှံထားသော ရတနာသိုက်ရှာဖွေရေးကို အလွန်စိတ် ဝင်စားလျက် ရှိသည်။

ထို့ကြောင့် တစ်နေ့တွင် ဘုရင်ကြီးသည် သူ ယုံကြည်စိတ်ချရသူတချို့နှင့် ရတနာသိုက် အရှာထွက်လေသည်။ ဘုရင်ကြီးမရှိစဉ် ဘုရင့်ညီတော်ကို ထီးနန်းကို ခေတ္တအုပ်ချုပ်ရန် လွှဲအပ်ခဲ့သည်။

ဘုရင်ကြီး ရတနာသိုက်အရှာသွားသည်မှာ ရက်မှ လသို့ ကူး ပြောင်းသွားပေပြီ။ ဘုရင်ကြီးမှာ ပြန်ရောက်မလာခဲ့ချေ။ ဘုရင်ကြီး တွင် အလွန်လှပချော့မော့သော သမီးတော်လေးတစ်ပါး ကျန်ခဲ့သည်။ သမီးတော်လေးမှာ ခမည်းတော် ပြန်မရောက်လာသဖြင့် ပူပင်သောက ရောက်လျက်ရှိသည်။

ထို့ပြင် ဦးရီးတော်မှာလည်း တိုင်းပြည်ကို ခေတ္တအုပ်ချုပ်နေရာမှ ဘုရင့်စည်းစိမ်ကို လိုချင်တပ်မက်လာသည်။ ထို့ကြောင့် သူ့ကိုယ်သူ

mgyoe.com

mgyoe.com

ဘုရင်တစ်ပါးအသွင်ဖြင့် ခြယ်လှယ်လာလေသည်။ ပြီးလျှင် တိုင်းပြည်သို့ သူသည် ထိုနိုင်ငံ၏ဘုရင်ဖြစ်ကြောင်း ကြေညာသည်။ သူ့အစ်ကိုဖြစ်သူ ဘုရင်ကြီးသည် ရတနာသိုက်ကို ရှာဖွေရင်း ကွယ်လွန်သွားပြီဖြစ်ကြောင်း ပြောသည်။ ထို့ပြင် ဆက်လက်၍ သူ၏သားတော်နှင့်တူမတော် ဘုရင့်သမီးတော်အား လက်ထပ်ပေးစားပြီး အိမ်ရှေ့အရာသို့ အပ်နှင်းမည်ဖြစ်ကြောင်း ကြေညာသည်။

ဘုရင့်သမီးတော်လေးမှာ စိတ်သောကရောက်လျက် ရှိသည်။ ခမည်းတော်ကိုလည်း ပြန်လာလိမ့်မည်ဟု မျှော်လင့်လျက် ရှိသည်။ ဦးရီးတော်ပြောသော စကားလုံးကိုလည်း မယုံကြည်ချေ။ ထို့ကြောင့် ဥယျာဉ်ထဲတွင် ပူဆွေးနေသည်။

ထိုဥယျာဉ်ထဲတွင် သူ၏မိတ်ဆွေ ဘဲငန်းလေးတစ်ကောင်ရှိသည်။ ထိုဘဲငန်းလေးသည် အဖော်မဲ့နေသော ဘုရင့်သမီးတော်၏အဖော် ဖြစ်ခဲ့သည်။ သမီးတော်လေးသည် ဘဲငန်းလေးထံသွားပြီး ရင်ဖွင့်လေသည်။

ဘဲငန်းလေးလည်ပင်းကို လက်နှစ်ဖက်နှင့် ယုယစွာကိုင်ပြီး "မင်းသာ စကားပြောတတ်ရင် ဇါ့ခမည်းတော်ဟာ မကြာခင် ပြန်လာမှာပါ ဆိုပြီး အားပေးဖော်ရမှာပဲနော်" ဟု ဝမ်းနည်းစွာပြောဆိုသည်။ ဘဲငန်းကလေးကလည်း သူ့ဦးခေါင်းကို မင်းသမီးလေး၏ ရင်ခွင်ထဲသို့ တိုးဝင်ပြီး နှစ်သိမ့်အားပေးသကဲ့သို့ ရှိလေသည်။

ဦးရီးတော်ကလည်း မင်္ဂလာအခမ်းအနားကျင်းပဖို့ လောဆော်နေသည်။ မင်းသမီးလေးက သူ့ခမည်းတော် ပြန်လာမည်ဖြစ်ကြောင်း ပြောဆိုကာ ငြင်းဆိုသည်။ နောက်ဆုံးတွင် ဦးရီးတော်သည် သည်းမခံနိုင်တော့ဘဲ နောက်တစ်နေ့တွင် လက်ထပ်မင်္ဂလာ ကျင်းပမည်ဖြစ်ကြောင်း ပြောလေသည်။

mgyoe.com

mgyoe.com

မင်းသမီးလေးက "ဥယျာဉ်ထဲက ဘဲငန်းလေးက ခမည်းတော် အသက်မသေသေးဘူး ဆိုပြီး ပြောတယ်၊ ကျွန်မတော့ ခမည်းတော်ကို စောင့်မှာပဲ" ဟု ငြင်းဆန်ရာ ဦးရီးတော်ဘုရင်ကြီး စိတ်ဆိုးသွားသည်။ "ငါ့အစ်ကို သေပြီဆိုတာ အထောက်အထားခိုင်လုံလို့ သေပြီပြောတာ၊ ဒီ ဘာမဟုတ်တဲ့ တိရစ္ဆာန်ကို စကားလုပ်ပြီး ပြောမနေနဲ့၊ နောက် တစ်ခါ ဒီဘဲငန်းနဲ့ စကားပြောရင်တော့ ဘဲငန်းကို အဆိပ်လူးမြားနဲ့ ပစ်သတ်ပစ်မယ်" ဟု ကြိမ်းမောင်းလေသည်။

မင်းသမီးလေး မျှော်လင့်သမျှသည် အလဟဿ ဖြစ်ရပေပြီ။ သူသည် ဦးရီးတော်၏သားနှင့် လက်ထပ်ရပေတော့မည်။ ဦးရီးတော်၏ ပြောစကားအရ ဘဲငန်းလေးဆီသို့လည်း မသွားရဲတော့ပေ။ စိတ်ထဲ တွင် သူ၏ဦးရီးတော်သည် ဘဲငန်းလေးကို သူမသိအောင် သတ်ပစ် လိုက်မည်ကို စိုးရိမ်နေမိသည်။

သို့နှင့် ညအချိန်သို့ ရောက်လာသည်။ နန်းတော်တစ်ခုလုံး မှာလည်း ဧည့်သည်တော်များနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေသည်မှာ ဆူညံနေသည်။ ဦးရီးတော်နှင့် ဧည့်သည်များ ပျော်ရွှင်စွာရယ်မောပြောဆိုသံများ ကြားနေရသည်။ ထို့ကြောင့် မင်းသမီးလေးသည် တခြားသူများ မရိပ်မိစေရန် ရေကန်ဆီသို့ တိတ်တဆိတ် ထွက်ခဲ့ သည်။ သူ့စိတ်ထဲတွင် သူ့မိတ်ဆွေ ဘဲကလေးသည် စောင့်မျှော်နေ မည်ဟု ထင်နေသည်။

ရေကန်သို့ရောက်သောအခါ ဘဲငန်းလေးသည် ကမ်းစပ်တွင် သူ့ကို စောင့်နေသည်ကို တွေ့ရသည်။ မင်းသမီးလေးသည် ဘဲငန်း လေးကို လက်နှစ်ဖက်နှင့် ပွတ်သတ်ပြီး "ငါ မင်းကို လာပြီး နှုတ် ဆက်တာပဲ ဘဲငန်းလေးရယ်၊ မင်း အခု ဒီကနေ မြန်မြန်ပြေးပေတော့၊ မဟုတ်ရင် ငါ့ဦးလေးက မင်းကို သတ်လိမ့်မယ်" ဟု ပြောလေသည်။

mgyoe.com

mgyoe.com

ဆက်၍လည်း "နက်ဖြန်ခါကျရင် ငါ မင်္ဂလာဆောင်ရတော့မယ်၊ ငါ နင်နဲ့သာ ပျံပြီး လိုက်လို့ရရင် သိပ်ကောင်းမှာပဲ" ဟု ပြောလေသည်။

ထိုစဉ် ကြောက်မက်ဖွယ်အသံများ ဆူဆူညံညံ ကြားရလေသည်။ မင်းသမီးလေးမှာ အလန့်တကြားဖြင့် ဘဲငန်းလေးကို အတင်းဖက်ထားလိုက်သည်။ ဥယျာဉ်ဝတွင် ဦးရီးတော်နှင့် မှူးမတ်များမှာ မင်းသမီးလေး ပျောက်သွားသဖြင့် လိုက်လာကြခြင်းဖြစ်သည်။ ဦးရီးတော်၏လက်ထဲတွင် လေးနှင့် မြားတို့ကို ကိုင်ဆောင်ထားသည်။ မင်းသမီးလေးမှာ ဘဲငန်းလေးကို ဖက်လျက်ပင် "သူတို့ နင့်ကို ဘယ်လိုမှ သတ်လို့မရအောင် ငါ ကာကွယ်ထားပါ့မယ်၊ ငါ ဦးရီးတော်ရဲ့သားကို လက်ထပ်တာထက် သေရတာက ကောင်းပါသေးတယ်" ဟု ငိုယိုကာ ပြောဆိုလျက်ရှိသည်။

ထိုစဉ် ဘဲငန်းသည် မင်းသမီးလေးကို ကျောပေါ်တင်ကာ မိုးပေါ်သို့ ပျံတက်သွားလေသည်။ မင်းသမီးလေးမှာလည်း အံ့လည်းအံ့သြ၊ ကြောက်လည်း ကြောက်ကြောက်နှင့် ဘဲငန်းလေး၏လည်ပင်းကို ဖက်ထားသည်။ ထိုစဉ် ဦးရီးတော်၏မြားက ဘဲငန်းလေး၏ရင်ဝသို့ ထိုးစိုက်လိုက်သည်။ မင်းသမီးလေး၏စိတ်ထဲတွင် သူနှင့် ဘဲငန်းတို့ ရေလယ်တွင်ကျ၍ သေပွဲဝင်ရပေပြီဟု ထင်မိသည်။ ဘဲငန်းမှာ ရင်ဘတ်တွင် ရရှိသော ဒဏ်ရာကို အမှုမထားဘဲ ကန်၏တစ်ဖက်သို့ရောက်အောင် ပျံသန်းသွားပြီး ကုန်းပေါ်သို့ရောက်မှ အောက်သို့ သက်ဆင်းလိုက်သည်။

မင်းသမီးလေးမှာ ဘဲငန်းလေးကို ကြည့်၍ ဖြေမဆည်နိုင်ဖြစ်ရသည်။ "မင်း သေကို မသေရဘူး၊ ငါ ဒီအဆိပ်တွေအားလုံးကို စုပ်ထုတ်ပေးမယ်" ဟု ပါးစမ်မှလည်း ပြော၊ ဘဲငန်း၏ဒဏ်ရာရှိ အဆိပ်များကို စုပ်ထုတ်ပေးလျက် ရှိသည်။ မင်းသမီးလေးက အဆိပ်ကို

mgyoe.com

mgyoe.com

ဒုတိယအကြိမ်စုပ်ထုတ်ပြီး ထွေးလိုက်စဉ် ဘဲငန်းလေးမှာ နာကျင်လွန်းသဖြင့် တုန်ခါလျက်ရှိသည်။ မင်းသမီးလေးက ဘဲငန်းလေးသေခါနီးသဖြင့် တုန်သွားသည်ဟု ထင်ကာ မကြည့်ရက်တော့ဘဲ တစ်ဖက်သို့လှည့်၍ ငိုကြွေးလေသည်။

ထိုစဉ် သူကြားဖူးသော အသံတစ်သံက "မာဂရက် မင်းဟာ ငါ့အသက်ကို ကယ်လိုက်တာပဲ၊ ဒီဘက် လှည့်ကြည့်ပါဦး၊ ငါ မင်းရဲ့ သူငယ်ချင်း ကွန်ရက်ပါ" ဟု ပြောသံကြားရသည်။

မင်းသမီးလေးမှာ သူ့နားကို သူ မယုံကြည်နိုင်အောင် ဖြစ်ရသည်။ ထို့ကြောင့် နောက်သို့ လှည့်ကြည့်လိုက်သောအခါ သူ့သူငယ်ချင်းကွန်ရက်ကို အံ့သြဖွယ်ရာ တွေ့မြင်ရသည်။ ကွန်ရက်သည် ဘုရင်ကြီး ပြန်မလာသဖြင့် စိတ်မချသောကြောင့် မင်းသမီးလေးကိုယ်တိုင်စေလွှတ်လိုက်သော လူယုံ ဖြစ်သည်။

"ကွန်ရက်ရယ် နင့်ကို ငါတွေ့ရတာ ဝမ်းသာလိုက်တာ၊ ငါ့ကို ဘဲငန်းလေးရှာပေးပါဦး၊ ဘဲငန်းလေးဟာ နင်မရှိတဲ့အချိန်မှာ ငါ့အတွက် အကောင်းဆုံးအဖော်ပါပဲကွယ်၊ သူ ငါ့ကိုကယ်ရင်းနဲ့ အဆိပ်လူးထားတဲ့မြား ထိသွားတာ" ဟု ရှင်းပြသည်။

တပ်မှူးလေးကွန်ရက်က "ဒါတွေအားလုံး ငါသိပါတယ်၊ နင် ဘဲငန်းရဲ့အဆိပ်ကို စုပ်လိုက်တာနဲ့ ငါ့မှာရှိတဲ့ ကျိန်စာတွေပျောက်ပြီး ငါ ဘဲငန်းကနေ လူပြန်ဖြစ်သွားတာပါ၊ ငါ့အဖြစ်အပျက်ကို နင်ရှင်းအောင် အစက ပြန်ပြောပါ့မယ်၊ နင်ခိုင်းတဲ့အတိုင်း ဘုရင်ကြီးနောက်ကို ငါလိုက်သွားပါတယ်၊ ဟိုရောက်လို့ ငါ့တပည့်တွေက မင်းအဖေကို ကူပြီး ရတနာရှာနေတုန်း၊ ငါ့ကို အဲဒီ ရတနာသိုက်စောင့် နတ်ဘီလူးက ဘဲငန်းအသွင်ဖြစ်အောင် ကျိန်စာတိုက်လိုက်တာပဲ၊ ဒါနဲ့ ငါလည်း နင့်ဆီပြန်လာပြီး စိတ်မပူအောင်ပြောဖို့ ကြိုးစားတာပဲ၊

mgyoe.com

mgyoe.com

ဒါပေမဲ့ ငါက လူစကားလည်း ပြောလို့ မရတော့ နင့်အနားမှာပဲ အဖော် လုပ်နေရတာပေါ့” ဟု ရှင်းပြသည်။

မင်းသမီးလေးမှာ သူ့ခမည်းတော် အသက်ရှင်လျက် ရှိသေးကြောင်း သိရှိရသောအခါ ပျော်ရွှင်နေလေသည်။ ထိုစဉ် ဦးရိုးတော်နှင့် အပေါင်းပါများရောက်လာကာ ဖမ်းဆီးရန်ပြုကြသည်။ မင်းသမီးလေးကလည်း သူ့ဖခင်ဘုရင်ကြီး မသေသေးကြောင်း လူတိုင်းကြားအောင် ပြောလေသည်။

ဦးရိုးတော်က “နင့်အဖေ မသေသေးဘူးလို့ ဘယ်သူကပြောတာလဲ၊ ဘဲငန်းလည်း သေပြီပဲ၊ ဒီလူက ပြောတာလား” ဟု မေးမြန်းနေစဉ် “ဘုရင်ကြီး သက်တော်ရာကျော်ရှည်ပါစေ” “ဘုရင်ကြီး ပြန်လာပြီဟေ့” ဟူသောအသံများ ဆူညံစွာထွက်ပေါ်လာလေသည်။

ဘုရင်ကြီး၏ညီတော်မှာ ထိုဆူညံသံများကြောင့် နောက်ကြောင်းကို လှည့်ကြည့်လိုက်သောအခါ သူ့အစ်ကို ဘုရင်ကြီးသည် ရဲမက်စစ်သည်များ ခြံရံလျက်၊ ဥယျာဉ်တော်အတွင်း ဝင်လာသည်ကို တွေ့ရသည်။ သမီးတော်လေးမှာလည်း သူ့ခမည်းတော်၏ရင်ခွင်သို့ ပြေးဝင် ခိုလှုံရှာလေသည်။ ဘုရင်ကြီးသည် သူ့ညီတော်အား လှမ်းကြည့်ပြီး မလိမ္မာ တစ်ခါမိုက်မဲမှုကို ခွင့်လွှတ်ကာ ချမ်းသာခွင့်ပေးလိုက်သည်။ ပြီးလျှင် တိုင်းသူပြည်သား မှူးကြီးမတ်ရာ သေနာပတိတို့အား “ငါကိုယ်တော်မြတ်သည် အလွန်အဖိုးထိုက်တန်သော ရတနာသိုက်ကို တွေ့ရှိပြီးဖြစ်လို့ ငါတို့တိုင်းပြည်ကြီးဟာ သာယာဝပြောပြီး ချမ်းသာမှုအတိ ဖြစ်တော့မယ်” ဟု မိန့်ကြားလေသည်။

တိုင်းသူပြည်သားတို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ဘုရင်ကြီးသည် သမီးတော်အား လက်ဆွဲ၍ နန်းတော်တွင်းဝင်ရန် ဟန်ပြင်စဉ် သမီးတော်လေးက “ခမည်းတော်ဘုရား သမီးတော်၏

mgyoe.com

mgyoe.com

သူငယ်ချင်းကွန်ရက်ဟာ ခမည်းတော်နောက် လိုက်ရင်းနဲ့ ရတနာ သိုက်စောင့်နတ်ဘီလူးရဲ့ ကျိန်စာသင့်ပြီး ဘဲငန်းဖြစ်သွားတယ်၊ သူက တစ်ခါ နန်းတော်ကို ပြန်လာပြီး၊ သမီးတော်ရဲ့အသက်ကို လာကယ် ပါတယ်၊ သူသာမရှိရင် သမီးတော်တစ်ယောက်တည်း အဖော်မဲ့ပြီး ဒုက္ခရောက်မှာ သေချာပါတယ်" လို့ ရှင်းပြလေသည်။ ရှင်းပြရင်း လည်း ကွန်ရက်ကို ချစ်ခင်ကြင်နာစွာနှင့် လှမ်းလှမ်းပြီး ကြည့်သည်။ ဘုရင်ကြီးကလည်း သမီးတော်လေး စိတ်ပါလက်ပါ လျှောက်ထား သည်ကို ကြည့်၍ သဘောကျလျက်ရှိသည်။

ထို့ကြောင့် ဘုရင်ကြီးက "ကွန်ရက် မင်းဟာ ငါ့ရဲ့စစ်သည် တော်ကောင်း ပီသပါပေတယ်၊ ငါ့သမီးတော်လေးရဲ့ စိတ်ချမ်းသာမှု ကိုလည်း ဖြည့်ဆည်းနိုင်ပါတယ်၊ ဒါကြောင့် ငါ့မှာလည်း အားကိုးစရာ သားတော်မရှိတာနဲ့ မင်းကိုပဲ သားတော်အဖြစ် မြှောက်စားရမှာပဲ၊ အခုသယ်လာတဲ့ ရတနာတွေ ထိန်းသိမ်းဖို့အတွက်လည်း ငါ့မှာ အဖော် လိုတာပဲ" ဟု မိန့်တော်မူလေသည်။

နောက်တစ်နေ့တွင် ဦးရီးတော် စီမံထားသည့် လက်ထပ် မင်္ဂလာပွဲတော်အစီအစဉ်လည်း ရှိနေသည့်အတွက် မင်းသမီးလေး နှင့် စစ်သည်တော်လေးကွန်ရက်တို့ လက်ထပ်မင်္ဂလာအခမ်းအနား ကို ကျင်းပလေသည်။

နှစ်အနည်းငယ်ကြာသောအခါ မင်းသမီးလေးနှင့် ကွန်ရက်တို့ သည် ထိုတိုင်းပြည်တွင် ဘုရင်နှင့် မိဖုရား ဖြစ်လာသည်။ သူတို့ နှစ်ယောက်သည် မိုးကောင်းကင်တွင် ပျံသန်းသွားသော ဘဲငန်းဖြူ လေးများကို ကြည့်ပြီး သူတို့၏ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည် ပြောဖြစ်ကြသည်။ ဘုရင်ကြီးကွန်ရက်က သူ့သားတော်နှင့် သမီးတော် တို့အား မိုးပေါ်ရှိ ဘဲငန်းလိုပင် ငန်းလေးတစ်ကောင်သည် အလွန်

mgyoe.com

mgyoe.com

သတ္တိရှိစွာဖြင့် သူတို့၏ မိခင် ဘုရင်မကြီးကို ကယ်တင်ခဲ့ပုံ၊ ပုံပြင်ကို မကြာခဏ ပြောပြလေသည်။ သူတို့ကလေး နှစ်ယောက်ကလည်း ထိုပုံပြင်ကို မရိုးနိုင်အောင် နားထောင်ကောင်းလျက် ရှိလေသည်။

❑

mgyoe.com

mgyoe.com

# စကားပြောတတ်သောခိုလေး

ဟိုးရှေးရှေးက မလေးရှားနိုင်ငံရှိ ကျွန်းငယ်လေးတစ်ခုတွင် ဘုရင်ကြီး တစ်ပါး အုပ်ချုပ်လျက်ရှိသည်။ တစ်နေ့တွင် ဘုရင်ကြီးသည် အလွန်လှပသောခိုကလေးတစ်ကောင်ကို တွေ့ပြီး မုဆိုးများအား ထိုခိုငှက်ကို ဖမ်းစေသည်။ မုဆိုးများကလည်း ဘုရင့်အလိုကျ ခိုကို ဖမ်း၍ ပေးကြသည်။

ဘုရင်ကြီး၏ လက်ထဲသို့ ခိုရောက်သည်နှင့် ခိုငယ်သည် "အရှင်မင်းကြီး ကျုပ်ကို ဘာအတွက်ကြောင့် ဖမ်းရပါသနည်း" ဟု မေးသည်။ ဘုရင်ကြီးကလည်း "သင်၏ အသားကို စားလို၍ ဖမ်းပါသည်" ဟု ပြန်ပြောသည်။ ဘုရင်ကြီးမှာ ခိုတိရစ္ဆာန်က လူစကားကို ပြောတတ်သဖြင့် အံ့သြလျက်ရှိသည်။

ထိုအခါ ခိုက "အရှင်မင်းကြီး ကျွန်ုပ်ကိုယ်ခန္ဓာသည် အလွန်သေးငယ်သောကြောင့် အရှင်မင်းကြီး၏ ဝမ်းဗိုက်၏ဆာလောင်မှုကို ဖြည့်တင်းနိုင်လိမ့်မည် မဟုတ်ပါ။ အကယ်၍ အရှင်မင်းကြီးက ကျွန်ုပ်အား လွှတ်လိုက်လျှင် အလွန်အဖိုးတန်သော စကားသုံးခုကို အရှင်မင်းကြီးအား ပြောပြပါမည်" ဟု ပြောသည်။

mgyoe.com

mgyoe.com

ဘုရင်ကြီးသည် ငှက်ငယ်၏စကားကြောင့် အံ့ဩသွားကာ သူ့လက်တွင်ဖမ်းထားသော ငှက်ကို လွှတ်ပေးလိုက်သည်။ ငှက်ကလေးမှာ လျင်မြန်သောအဟုန်ဖြင့် ကောင်းကင်သို့ ပျံတက်သွားလေသည်။ ပြီးလျှင် ငှက်ကလေးသည် ဘုရင်ကြီးနှင့် မလှမ်းမကမ်းတွင်ရှိသော သစ်ပင်ပေါ်တွင် နားကာ သူ၏ စကားသုံးခုကို ပြောပြသည်။

"အရှင်မင်းကြီး ကျွန်ုပ်၏ပထမစကားမှာ ကျွန်ုပ်၏အဘိုးက ပြောခဲ့ခြင်း ဖြစ်ပါသည်။ အဘိုးပြောသောစကားမှာ "မင်းကို တစ်ယောက်ယောက်က တစ်ခုခုပြောရင် သူပြောတဲ့ စကားလုံးတိုင်းကို သေသေချာချာ နားထောင်ပါ၊ ပြီးတော့မှ အဲဒီစကားဟာ အဓိပ္ပာယ်ရှိတယ်၊ ဖြစ်နိုင်တယ်ဆိုမှ ယုံပါ" လို့ ဖြစ်ပါတယ်၊ ဒုတိယစကားကိုတော့ ကျွန်ုပ်ဖခင်က ပြောကြားခြင်း ဖြစ်ပါတယ်၊ ကျွန်ုပ်ဖခင်က မင်း ဘာပဲလုပ်လုပ် နောင်တမရပါနဲ့၊ နောင်မှ နောင်တရလို့လည်း ၁ပ်ပြီးသားအလုပ်ဟာ ပျက်ပြယ်သွားမှာ မဟုတ်ဘူး" ဆိုပြီး ပြောပါတယ်၊ တတိယစကားကိုတော့ ကျွန်ုပ်ဖခင်က ပြောကြားခြင်း ဖြစ်ပါတယ်၊ အဲ့ဒါကတော့ "မင်းရဲ့ဝမ်းဗိုက်ထဲတွင် အဖိုးမဖြတ်နိုင်သော ပတ္တမြားသုံးလုံးရှိတယ်" ဟူ၍ ဖြစ်ပါတယ်။ အရှင်မင်းကြီးဟာ ကျုပ်ကိုသတ်ပြီး ဝမ်းဗိုက်ကို ခွဲကြည့်လျှင် ပတ္တမြားသုံးလုံးကို ရမှာဖြစ်တယ်၊ အခုတော့ အရှင်မင်းကြီး ဆုံးရှုံးရပေပြီ" ဟု ပြောကာ ကောင်းကင်သို့ ပျံတက်သွားသည်။

ဘုရင်ကြီးမှာ ငှက်ငယ်၏စကားကြောင့် သူ့ကိုယ်သူ တော်တော် မကျေမနပ် ဖြစ်မိသည်။ ထို့ကြောင့် ငှက်ငယ်ပျံသွားသည့် နေရာဆီသို့ တကောက်ကောက်လိုက်လေသည်။ ထိုကဲ့သို့ လိုက်ရင်း တောနက်ထဲသို့ လည်းကောင်း၊ ဆူးချုံထူထပ်သော အရပ်ဒေသ

mgyoe.com

mgyoe.com

များသို့လည်းကောင်း ရောက်ကာ အဝတ်အစားများ စုတ်ပြတ်ပြီး ပိန်ချုံးလျက်ရှိသည်။ ဘုရင့်အပါးတော်မြဲက နောက်မှ ထက်ကြပ်မကွာ လိုက်၍ ဖျောင်းဖျသော်လည်း အချည်းနှီးပင် ဖြစ်သည်။ ဘုရင်ကြီး ခြေကုန်လက်ပန်းကျ၍ မောမောနှင့် အနားယူချိန်တွင် ငှက်ငယ်သည် ဘုရင့်ခေါင်းပေါ်တွင် နားကာ...

"အရှင်မင်းကြီးသည် ကိုယ့်လက်ထဲ ရောက်ပြီးသားဖြစ်တဲ့ ကျွန်ုပ်ကို ယခုအခါ ဖမ်းလို့ မရနိုင်တော့ပါ။ အသင်မင်းကြီးပဲ ကျွန်ုပ်ကို လွှတ်လိုက်ပြီး ယခုတစ်ဖန် ပြန်လည်ရယူလိုသဖြင့် ရှာဖွေနေပြန်တာဟာ အဓိပ္ပာယ်မရှိပါ။ သင်ဟာ ယခင်က ပိုင်ဆိုင်ခဲ့မှုအတွက် နောင်တရနေတယ်၊ စောစောက ကျွန်ုပ်ပြောခဲ့သောစကားများတွင် ပါပြီးဖြစ်တဲ့အတိုင်း နောင်တရနေလို့ အချည်းနှီးပါပဲ၊ ငါ့ကိုယ်ခန္ဓာဟာ သေးသေးလေးပဲ၊ အဲဒါကို သင်က ငါ့ကိုယ်ထဲမှာ ပတ္တမြားသုံးလုံးရှိမယ်လို့ ယုံကြည်နေတယ်၊ ငါ့ကိုယ်ထဲမှာ ဘာမှ မရှိပါဘူး၊ အသင်မင်းကြီးဟာ ဘုရင်တစ်ပါးအသွင်ပျောက်လို့ သူတောင်းစားတစ်ယောက်နှင့် တူနေပါပြီ" ဟု ပြောသည်။

စကားအဆုံးတွင် ခိုကလေးသည် ဘုရင်ကြီးကို အရှက်ရစေကာ သူ့အသိုက်ရှိရာသို့ ပျံသွားသည်။ ဘုရင်ကြီးလည်း စိတ်ပျက်လက်ပျက်နှင့် နန်းတော်ရှိရာသို့ ပြန်လာခဲ့သည်။

အထက်ပါအဖြစ်အပျက်ကို နန်းတော်တွင်းရှိ မှူးကြီးမတ်ရာများမှတစ်ဆင့် ကုန်သည်ကြီးများ၊ ကုန်သည်ကြီးများမှ တစ်ဆင့် လာရောက်ဈေးဝယ်ကြသော ကုန်သည် လက်ကားသမားများ၊ ထိုမှတစ်ဆင့် ဆိုင်ငယ်များ၊ ဆိုင်ငယ်များမှ ဈေးဝယ်သူများသို့ လည်းကောင်း၊ ငါးဖမ်းလှေများရှိ တံငါသည်များ၊ တစ်ယောက်ကို တစ်ယောက် ပြောဆိုကြရာမှ လည်းကောင်း တစ်တိုင်းပြည်လုံး ပျံ့နှံ့

mgyoe.com

mgyoe.com

သွားသည်။ လယ်သမားကြီးများမှာလည်း လယ်ထွန်ရင်းနှင့် ဘုရင်ကြီး အကြောင်းကို ပြောဆိုရယ်မောသံများ ညံနေသလို အိမ်ရှင်မများ မှာလည်း အတင်းပြောစရာ စကားရကာ အလုပ်ရှုပ်နေကြသည်။ ထို့ကြောင့် ဘုရင်ကြီးမှာ အရှက်ရလေသည်။ နန်းတော်အတွင်းရှိ မှူးကြီးမတ်ရာ သေနာပတိတို့ကလည်း ဘုရင်ကို အရှိအသေတန်လာ သည်။ ထို့ကြောင့် ဘုရင်ကြီးသည် သူ့မိဖုရားနှင့် သားတော်နှစ်ပါးကို ခေါ်ဆောင်ကာ နန်းတော်ကိုစွန့်ခွာပြီး တောထဲသို့ထွက်လာခဲ့သည်။

ခရီးကြမ်းသွားနေကျ မဟုတ်သော မင်းမိဖုရားတို့မှာ တောထဲ တွင် ပင်ပန်းနွမ်းနယ်ကြလေသည်။ သို့နှင့် ပင်လယ်ကမ်းစပ်တွင် အမောဖြေနေစဉ် ပုံပြင်အစတွင် ဘုရင်ကြီးဖမ်းမိသော ငှက်သည် ထိုကမ်းစပ်အနီးရှိ သစ်ပင်ကြီးတွင် အသိုက်ဆောက်ကာနေသည်။

ဘုရင့်သားတော်အကြီးက ထိုငှက်သိုက်ကို မြင်သောအခါ ဖခင် အား ထိုငှက်သိုက်ထဲရှိ ဥကို ကိုင်ကြည့်ချင်ကြောင်း ပူဆာလေသည်။ ဖခင်ကလည်း သားတော်၏စိတ်အလိုကို ဖြည့်ဆည်းပေးချင်သည် နှင့် သစ်ပင်ပေါ်တက်ကြည့်ရာ ငှက်သိုက်ရှိ ဥနှစ်လုံးကို တွေ့ရသည်။ ဘုရင်ကြီးသည် ထိုဥနှစ်လုံးကို ညင်သာစွာယူ၍ အောက်သို့ ဆင်းခဲ့ သည်။ သားတော်ကြီးလည်း ငှက်ဥနှစ်လုံးကို လက်ပေါ်တင်ကြည့်ပြီး သဘောကျနေလေသည်။ ထိုအချိန်တွင် ငှက်မသည် သူ့အသိုက်သို့ ပြန်လာရာ ဥနှစ်လုံး ပျောက်နေသည်ကို တွေ့ရသည်။ ထိုအခါ ဘုရားအားတိုင်တည်၍ “ဘုရင်ကြီးသည် ကျွန်တော်မျိုးမ၏ ဥနှစ်လုံး ကို ယူဆောင်သွားပါသည်။ ထို့ကြောင့် သူ၏ကလေးများနှင့် ကွဲပါ စေသား” ဟု ဆုတောင်းသည်။ ငှက်မသည် ဆုတောင်းပြီးသည်နှင့် ဘုရင်ကြီးအား တစ်ခွန်းမှ မပြောဘဲ ပျံသွားသည်။ ဘုရင်ကြီးကလည်း သူ့သားတော်ကြီး ငှက်ဥကို ကိုင်ကြည့်၍ ကျေနပ်သောအခါ သစ်ပင်

mgyoe.com

mgyoe.com

ပေါ်ပြန်တက်၍ ငှက်ဥကို ပြန်ထားလိုက်သည်။ ပြီးလျှင် ဘုရင်ကြီးနှင့် မိသားစု ခရီးဆက်ကြသည်။ ငှက်မ ညနေစောင်း၍ အိမ်ပြန်လာသောအခါ သူ့အသိုက်တွင် ဥများ ပြန်ရောက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ငှက်မက "ဘုရင်ကြီးဟာ ကျွန်တော်မျိုးမရဲ့ဥကို ပြန်ထားသလို သူ့သားတော်များနှင့်လည်း ပြန်တွေ့ပါစေဘုရား" ဟု ဆုတောင်းလိုက်သည်။

ဘုရင်ကြီးမှာ တောတွင်း ခရီးကြမ်းနှင်လာပြီး မြစ်ငယ်တစ်ခုသို့ ရောက်လာသည်။ ထိုမြစ်ကို သူတို့မိသားစု ဖြတ်ကျော်ရပေမည်။ ထို့ကြောင့် ဘုရင်ကြီးသည် သားတော်နှစ်ပါးအားခေါ်ပြီး "မယ်တော့်ကို ခမည်းတော် ဟိုဘက်ကမ်းခေါ်သွားတုန်း သားတော်တို့ ဒီကမ်းစပ်မှာ ငြိမ်ငြိမ်လေး ထိုင်စောင့်နေကြပါ၊ ကိုယ်နဲ့ မဆိုင်တာ မကိုင်ပါနဲ့၊ သူတစ်ပါးပစ္စည်းနဲ့ ဝေးဝေးနေပါ" ဟု အထပ်ထပ်မှာကြားလေသည်။

ကလေးနှစ်ယောက်မှာ ခမည်းတော်နှင့် မယ်တော် ရေစပ်မှ ခဲခဲယဉ်းယဉ်း တစ်ဖက်ကမ်းသို့ ကူးနေစဉ် ကမ်းစပ်တွင် လမ်းလျှောက်ရင်း ဆော့နေကြသည်။ ထိုစဉ် ငှက်ကလေးနှစ်ကောင်ကို ချည်ထားသည်ကို တွေ့ရသည်။ အမှန်မှာ ထိုငှက်နှစ်ကောင်သည် တံငါသည်များ ငါးဖမ်းရာတွင်သုံးသော ငှက်များဖြစ်သည်။ ကလေးနှစ်ယောက်မှာ ကလေးပီပီ ခမည်းတော်မှာထားသော စကားကို မေ့လျော့ကာ ထိုငှက်နှစ်ကောင်ကို သွား၍ကစားကြသည်။ ထိုစဉ် တံငါသည်များရောက်လာပြီး ကလေးနှစ်ယောက်ကို သူတို့အိမ်တွင် ခိုင်းစေရန် ဖမ်းသွားကြသည်။

ဘုရင်ကြီးမှာ မိဖုရားကြီးကို တစ်ဖက်ကမ်းတွင် ထားခဲ့ပြီး သားတော်နှစ်ပါးရှိရာ ကမ်းစပ်သို့ ပြန်၍ကူးလာသည်။ ကမ်းစပ်သို့ ရောက်သောအခါ ကလေးနှစ်ယောက်မှာ ပျောက်နေသည်ကို ထူး

mgyoe.com

mgyoe.com

ဆန်းစွာ တွေ့ရသည်။ တစ်ဖက်ကမ်းသို့ ပြန်ကူးသွားသောအခါမှာ လည်း မိဖုရားကြီးကို ထားခဲ့သည့်နေရာတွင် မတွေ့ရှိတော့ချေ။

ထို့ကြောင့် ဘုရင်ကြီးမှာ သားရော မိဖုရားနှင့် ထီးနန်းပါဆုံး၍ တောနက်ထဲသို့ လျှောက်၍သွားနေသည်။ တောနက်ထဲတွင် ဆင်ဖြူ တော်တစ်ကောင်ကို ထူးဆန်းစွာ တွေ့ရလေသည်။ ဆင်ကလည်း ဘုရင်ကြီးကို တွေ့သည်နှင့် ဒူးထောက်ကာ အရိုအသေပေးသည်။ ပြီးလျှင် "အရှင်မင်းကြီး ကျွန်တော်မျိုးတို့ဆင်များသည် ဤနယ်မြေ ကြီးကို အုပ်စိုးရန် မင်းလောင်းကို ရှာဖွေလျက်ရှိပါတယ်၊ ကျွန်ုပ်တို့ ဘုရင်ကြီး နတ်ရွာစံသွားသည်မှာလည်း မကြာသေးပါ။ အရှင်မင်းကြီး သည် ထီးနန်းလည်းစွန့်၊ မိဖုရားနှင့် ကလေးများနှင့်လည်း ကွဲနေသဖြင့် ဒုက္ခများ လုံလုံလောက်လောက် ခံစားရပြီး ဖြစ်ပါ၍ ယခုအခါတွင် အရှင်မင်းကြီးသည် ထီးနန်းစည်းစိမ်ယူတော်မူ၍ ကျွန်တော်မျိုးတို့ကို ကြင်နာစွာ အုပ်ချုပ်တော်မူပါ" ဟု လူတို့ဘာသာစကားဖြင့် ပြောဆို လေသည်။

ဘုရင်ကြီးနေထိုင်ရန် နန်းတော်ကြီးတစ်ဆောင် ဆောက်လုပ် ပေးကြပြီး ဆင်ဖြူတော်တို့၏ ဘုရင်အဖြစ် တင်မြှောက်ကြသည်။ ထိုတောနက်ထဲသို့ လူများရောက်ရှိလာပြီး နေထိုင်ကြခြင်းဖြင့် ဘုရင် ကြီး၏နိုင်ငံမှာလည်း ကျယ်ဝန်းလာသည်။ အိမ်နီးနားချင်း မြို့ရွာ များကလည်း မဟာမိတ်ပြုကာ လက်ဆောင်ပဏ္ဏာများ ဆက်သကြ လေသည်။

ဘုရင်၏သားတော်နှစ်ပါးမှာ တံငါသည်တို့အိမ်တွင် နေထိုင် ရင်း လူပျိုပေါက်အရွယ် ရောက်လာကြသည်။ တစ်နေ့တွင် တံငါသည် များအလစ်တွင် ညီနောင်နှစ်ပါး ထွက်ပြေးလွတ်မြောက်ပြီး သူတို့ ခမည်းတော်အုပ်ချုပ်သော တောတွင်းသို့ ရောက်လာသည်။ သူတို့ကို

mgyoe.com

mgyoe.com

ဆင်နိုင်ငံမှ အစောင့်တပ်သားများ တွေ့သွားပြီး ဖမ်းဆီးကာ ဘုရင့်ထံ မှောက် ခေါ်ဆောင်သွားကြသည်။ သားတော်နှစ်ယောက်က ဘုရင်ကြီး ကို မသိသလို၊ ဘုရင်ကြီးကလည်း သားတော်များကို မမှတ်မိချေ။ သို့သော် သွေးကပြောသဖြင့် ဘုရင်ကြီးသည် ထိုလူရွယ်နှစ်ယောက် ကို မြင်မြင်ချင်း ကရုဏာသက်ကာ ချီးမြှင့်မြှောက်စားလိုစိတ် ဖြစ် လာသည်။ ထို့ကြောင့် ဘုရင့်လူယုံတော်များအဖြစ် ခန့်အပ်လိုက်သည်။ ဆင်နိုင်ငံမှာ အေးချမ်း၍ သာယာဝပြောသော တိုင်းပြည်တစ်ပြည် အဖြစ် ရပ်တည်ခဲ့သည်။

သာယာသောနေ့တစ်နေ့တွင် သင်္ဘောတစ်စင်းသည် ဘုရင်၏ ဆိပ်ကမ်းတွင် ကျောက်ချပြီး သင်္ဘောမာလိန်မှူးက ဘုရင့်ထံ အခစား ဝင်သည်။ ဘုရင်ကြီးသည် မာလိန်မှူး၏ စွန့်စားခန်းများကို နား ထောင်ရင်း သဘောကျသဖြင့် နန်းတော်တွင် ညအိပ်ရန် ဖိတ်ခေါ် သည်။

မာလိန်မှူးက သူ့သင်္ဘောပေါ်တွင် ကျန်ခဲ့သောပစ္စည်းများနှင့် သူ့ဇနီးကို စိတ်မချ၍ ပြန်လိုကြောင်း လျှောက်တင်သည်။ ထိုအခါ ဘုရင်ကြီးက သူ ယုံကြည်စိတ်ချရသော လုလင်ပျိုနှစ်ယောက်အား စေလွှတ်၍ စောင့်ရှောက်စေသည်။ လုလင်ပျိုနှစ်ယောက်မှာ ဘုရင် ကြီးစေခိုင်းသည့်အတိုင်း သင်္ဘောပေါ်တွင် ညစောင့်တာဝန်ကို ထမ်း ဆောင်ကြရသည်။ တစ်ညလုံးမအိပ်ဘဲ စောင့်ရသဖြင့် နှစ်ယောက်သား စကားတပြောပြောဖြင့်ရှိရာ သူတို့၏အဖြစ်အပျက်ကို ပြန်ပြောင်း ပြောဆိုကြလေသည်။ ထိုစဉ် မိန်းမတစ်ယောက်သည် သင်္ဘောအခန်း ထဲမှ ထွက်လာပြီး လုလင်ငယ်နှစ်ယောက်အား "သားတို့ရယ် မင်းတို့ ဟာ မေမေ့ရဲ့ ပျောက်နေတဲ့သားတွေပါလား သားတို့မေမေလေ" ဟု ငိုယိုကာ ပြောလေသည်။

mgyoe.com

mgyoe.com

လှေထိုးသားတို့မှာ မိန်းမ၏ငိုသံကို ကြားရသောအခါ အစောင့်နှစ်ယောက်က တစ်ခုခုပြုလုပ်သဖြင့် ငိုသည်ဟုထင်ကာ လုလင်ငယ်နှစ်ယောက်အား ကြိုးဖြင့်တုပ်ပြီး ဘုရင့်ရှေ့တော်မှောက်သို့ သွင်းကြသည်။ ဘုရင်ကြီးမှာလည်း အရှက်ရသဖြင့် ဒေါသထွက်ကာ ညတွင်းချင်း မြို့ပြင်ထုတ်၍ သတ်စေရန် အမိန့်ပေးလိုက်သည်။ လုလင်ပျိုနှစ်ယောက်ကို ဖမ်းပြီး သူတို့သည် နန်းတော်တံခါးဝသို့ ရောက်သောအခါ တံခါးစောင့်က တံခါးဖွင့်ပေးရန် ငြင်းဆိုသည်။ ထို့ကြောင့် ထိုအကြောင်းကို ဘုရင့်ထံ လျှောက်ထားရာ ဘုရင်ကြီးကိုယ်တိုင်ကြွလာရသည်။ ဘုရင်က အကျိုးအကြောင်းမေးလေသည်။

တံခါးစောင့်က "အရှင်မင်းကြီး လယ်သမားနှင့် သူ့ဇနီးပုံပြင်ကို မကြားဖူးဘူးလား" ဟု မေးရာ ဘုရင်ကြီးက "ပြောစမ်းပါဦး" ဟု မေးလိုက်သည်။ တံခါးမှူးက အောက်ပါအတိုင်းပြောပြသည်။

"တစ်ခါက လယ်သမားလင်မယားဟာ လယ်ကွင်းမှာ အလုပ်သွားလုပ်ကြတယ်၊ ညနေစောင်းလို့ ပြန်လာတော့ သူတို့ရဲ့ကြောင်ဟာ တစ်ကိုယ်လုံး သွေးတွေနဲ့ သူတို့ရဲ့ကလေးပုခက်နားမှာ လဲလျောင်းနေတာ တွေ့ရတယ်၊ ဒီအခါမှာ လယ်သမားကြီးက သူ့ကလေးကို ဒီကြောင်က ရန်လုပ်တယ်ထင်ပြီး ကြောင်ကို သတ်လိုက်တယ်၊ ပြီးတော့မှ ခပ်လှမ်းလှမ်းမှာ မြွေကြီးတစ်ကောင် သေနေတာကို တွေ့ရတယ်၊ ကလေးကို ကြည့်လိုက်တော့လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ တွေ့ရတယ်၊ တကယ်က မြွေနဲ့ကြောင် ကိုက်ရာက အခုလိုကြောင်မှာ သွေးတွေပေနေတာ ဖြစ်တယ်၊ ဒါကြောင့် အရှင်မင်းကြီးလည်း စိရင်ချက်ချတာ မလောပါနှင့်ဘုရား"

ဘုရင်ကြီးက ဘာမှ ပြန်မပြောဘဲ တံခါးဖွင့်ခိုင်းလေသည်။ သို့နှင့် မြို့တံခါးသို့ ရောက်လာသည်။ မြို့တံခါးစောင့်ကလည်း တံခါး

mgyoe.com

mgyoe.com

ဖွင့်ပေးရန် ငြင်းဆိုသည်။ ဘုရင်ကြီးက အကြောင်းစုံမေးမြန်းလေသော်...

"အရှင်မင်းကြီး အခုအဖြစ်က လူတစ်ယောက် သူ့အိမ် ပြန်လာတော့ သူ့မိန်းမ သေနေတာတွေ့ရတဲ့ ပုံပြင်နှင့် တူနေပါတယ်" ဟု ပြောသည်။

"မင်းပုံပြင်ကို ပြောစမ်းပါဦး"

"အဲဒီလူက အိမ်ပြန်လာတော့ သူ့မိန်းမဟာ ကြမ်းပေါ်မှာ လဲကျနေတယ်၊ သူ့ရဲ့ခွေးကတော့ သူ့ခြေထောက်နဲ့ လက်ကို လျှာနဲ့ လိုက်လျက်ပြီး ကြိုတယ်၊ ခွေးရဲ့ကိုယ်ပေါ်မှာလည်း သွေးတွေစွန်းနေတာ တွေ့ရတယ်၊ ဒီတော့ ဒီလူက ဒီခွေးဟာ သူ့သခင်မကို သတ်တာဖြစ်မယ် ဆိုပြီး ခွေးကို ဓားနဲ့ခုတ်ပြီး သတ်လိုက်တယ်၊ ပြီးတော့ အိမ်ထဲဝင်လာတော့မှ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ ပုံစံရှိတဲ့ သူခိုးတစ်ယောက်ကို အိမ်ထဲမှာ သေဆုံးနေတာ တွေ့ရတယ်၊ တကယ်က အိမ်ရှင်မကိုသတ်တာက သူခိုး၊ သူခိုးကို သတ်တာ ခွေးဖြစ်တယ်၊ အခုတော့ သူမဆင်ခြင်ဘဲ ဆုံးဖြတ်တာစောလို့ သစ္စာရှိတဲ့ခွေးလည်း သေရတယ်၊ သူလည်း ဒုက္ခရောက်ရတယ်၊ ဒါကြောင့် အရှင်မင်းကြီးဆုံးဖြတ်တာ မစောပါနဲ့"

ဘုရင်ကြီးကတော့ သူ့ရဲ့လူယုံတော် သက်တော်စောင့်လုလင်ပျို နှစ်ယောက်ကို မယုံကြည်သေးဘူး၊ ဒါကြောင့် မြို့တံခါးဖွင့်ခိုင်းပြီး သူသတ်သမားဟေလစ်ကို ခေါ်သည်။

သူသတ်သမား ရောက်လာသောအခါ "ဒီသစ္စာမရှိတဲ့ လူနှစ်ယောက်ကို အခုချက်ချင်းသတ်ပါ၊ ငါဘုရင်ရဲ့ဂုဏ်ကို ညှိုးနွမ်းအောင် လုပ်ကြတယ်" ဟု အမိန့်ပေးသည်။

mgyoe.com

mgyoe.com

သူသတ်သမားက "အရှင်မင်းကြီး သူတို့နှစ်ယောက်မှာ အပြစ်မရှိဘဲ ရွှေငှက်ပျောသီးအဖြစ်လို ဖြစ်နေပါဦးမယ်" ဟု လျှောက်သည်။

သည်အခါမှာ ဘုရင်ကြီးသည် စိတ်ဝင်စားကာ "ပြောစမ်းပါဦး" ဟု မေးလိုက်သည်။

သူသတ်သမားဟောလစ်က အောက်ပါအတိုင်း ရှင်းပြသည်။

"တစ်ခါတုန်းက ဘုရင်တစ်ပါးမှာ ဗေဒင်ပညာမှာ တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်တဲ့ ပညာရှိတစ်ယောက် ရှိပါတယ်၊ တစ်နေ့တော့ ငလျင်လှုပ်လို့ နန်းတော်ရဲ့တချို့တဝက် ပျက်စီးသွားတယ်၊ ဒါကြောင့် ဘုရင်က ပညာရှိပုရောဟိတ်ကို ခေါ်ပြီး ဘယ်အချိန်မှာ အုတ်မြစ်ချရင် ကောင်းမလဲဆိုတာ တွက်ချက်ခိုင်းတယ်၊ ပုရောဟိတ်က "လာမယ့် သောကြာနေ့၊ နေမွန်းတည့်ချိန်ဟာ ဗေဒင်အလိုအရ အလွန်ကောင်းမွန်တဲ့အချိန် ဖြစ်ပါတယ်၊ အဲဒီအချိန်အတိအကျမှာသာ အဆောက်အအုံကို စပြီးဆောက်ပါက ဘယ်အဆောက်အအုံမဆို ရွှေအတိပြောင်းလဲပြီး သွားပါ့မယ်၊ အဲဒီအချိန်မှာ စိုက်တဲ့အပင်က အသီးဟာလည်း ရွှေသီး သီးပါလိမ့်မယ်"လို့ လျှောက်တင်တယ်။

ဘုရင်လည်း ချက်ချင်းပဲ၊ လက်သမားဆရာတွေ ခေါ်ပြီး ဗေဒင်ဆရာ ပြောတဲ့အချိန်မှာ နန်းတော်ဆောက်ဖို့ အမိန့်ချတယ်။ ဒါနဲ့ ရက်အနည်းငယ်ကြာတော့ နန်းတော်လည်းဆောက်လို့ ပြီးသွားတယ်၊ ဒါပေမဲ့ နန်းတော်ဟာ ရွှေနန်းတော်အဖြစ် ပြောင်းလဲမသွားဘဲ သစ်သား၊ အုတ်တို့အတိုင်းသာ ရှိနေတာ တွေ့ရတယ်။

ဘုရင်ကြီးဟာ စိတ်ဆိုးလွန်းလို့ ဗေဒင်ပညာရှိကို ချက်ချင်းပဲ သတ်ပစ်ဖို့ အမိန့်ချလိုက်တယ်။ အဲဒီအမိန့်ချပြီး မကြာခင်မှာ ဥယျာဉ်မှူးဟာ ရွှေအတိဖြစ်တဲ့ ငှက်ပျောခိုင်ကြီးကို ဘုရင့်ဆီလာပြီး

mgyoe.com

mgyoe.com

ဆက်သတယ်၊ ဘုရင်ကလည်း အံ့သြပြီး ဘယ်က ရတာလဲလို့ မေးတယ်။

ဒီတော့ ဥယျာဉ်မှူးက "အရှင်မင်းကြီးရဲ့ ပုရောဟိတ်ဟာ အင်မတန် မှန်ကန်တိကျစွာဟောနိုင်တဲ့ ပညာရှိ ဖြစ်ပါတယ်၊ ဒါကြောင့် ပုရောဟိတ်ပြောတဲ့အတိုင်း သောကြာနေ့ မွန်းတည့်ချိန်မှာ ဒီငှက်ပျောပင်ကို စိုက်တာ အခုလို ရွှေအတိဖြစ်တဲ့ ငှက်ပျောခိုင်ကို ရတာ ဖြစ်ပါတယ်" လို့ လျှောက်တင်တယ်။ ဒီတော့ ဘုရင်က "ဒါဆို ငါ့နန်းတော်ကတော့ ဘာဖြစ်လို့ ရွှေနန်းတော်မဖြစ်တာလဲ" လို့ အံ့သြတကြီးပြောတယ်။

ဥယျာဉ်မှူးက "ကျွန်တော်မျိုး ဟုတ်တိုင်းမှန်ရာကို မကွယ်မဝှက် သံတော်ဦးတင်ရမယ်ဆိုရင် အရှင်မင်းကြီးရဲ့ လက်သမားဆရာများဟာ သောကြာနေ့မွန်းတည့်မှာ အိပ်နေကြတာ ကျွန်တော်မျိုးမြင်ပါတယ်၊ သူတို့ဟာ ညနေစောင်းကျမှ အရှင့်နန်းတော်ကို စပြီးဆောက်ကြပါတယ်၊ ကျွန်တော်မျိုးကတော့ ပညာရှိပုရောဟိတ်ပြောတဲ့ အချိန်အတိအကျမှာ ငှက်ပျောပင်ကို စိုက်ပါတယ်ဘုရား" ဟု သံတော်ဦးတင်လေသည်။

ဘုရင်ကြီးသည် သူသတ်သမားလျှောက်တင်ချက်ကို မယုံကြည်ချေ။ ထို့ကြောင့် တခြားသူသတ်သမား ကာတေးလ်ကို ခေါ်စေပြီး ညီအစ်ကိုနှစ်ယောက်ကို သတ်စေသည်။

ထိုအခါ သူသတ်သမားကာတေးလ်က "အရှင်မင်းကြီး ယခုအဖြစ်အပျက်သည် မင်းသမီးလေးမူနာရဲ့အဖြစ်နဲ့ တူနိုင်ပါတယ်" ဟု မရဲတရဲ လျှောက်တင်သည်။

ဘုရင်ကြီးသည် ကာတေးလ်၏ လျှောက်တင်ချက်ကို စိတ်ဝင်စားလာပြီး "ပြောစမ်းပါဦး" ဟု ပြောခွင့်ပေးလိုက်သည်။

mgyoe.com

mgyoe.com

သုံ့သတ်သမားကာတေးလ်က သူ့ပုံပြင်ကို ပြောပြပါသည်။

"တစ်ခါတုန်းက ဘုရင်တစ်ပါးမှာ အလွန်လှပတဲ့ မူနာ ဆိုတဲ့ သမီးတော်တစ်ပါး ရှိပါတယ်၊ အဲဒီသမီးတော်ကို ဘုရင်ကြီးက ကြက်တူရွေးလေးတစ်ကောင် လက်ဆောင်ပေးတယ်၊ အဲဒီ ကြက်တူရွေးကို နန်းတော်အတွင်းအပြင် လွတ်လပ်စွာသွားလာခွင့်ပေးထားတယ်၊ တစ်နေ့တော့ ကြက်တူရွေးဟာ သမီးတော်ရဲ့အဆောင်ကို ပြန်လာတဲ့အခါ သူ့နှုတ်သီးမှာ သစ်သီးတစ်လုံးကိုက်ချီပြီး ယူလာတယ်။

ပြီးတော့ သမီးတော်လေးကို "အရှင့်သမီးတော်၊ ဤသစ်သီးကို စားပါ၊ အရှင့်သမီးမှာ ခွန်အားသစ်နှင့် အလှသစ် တိုးလာပါလိမ့်မယ်၊ တကယ်လို့ အရှင့်သမီးကို ကြိုးနှင့် တုပ်နှောင်ထားပါ၊ ထိုကြိုးမှာ အလိုအလျောက် ပြုတ်ထွက်သွားပါလိမ့်မယ်" လို့ လျှောက်တင်တယ်။

မင်းသမီးလေးလည်း သစ်သီးကိုစားရန် ခွဲစိတ်လိုက်တော့ အထဲမှာ ပိုးပေါက်တစ်ပေါက်ရှိနေတာ တွေ့ရတယ်၊ အဲဒီတော့ မင်းသမီးလေးက သူစားရန် မသင့်လို့ ယူဆပြီး အစေ့ကို ဥယျာဉ်ထဲမှာစိုက်ပြီး အသားကိုတော့ လွှင့်ပစ်လိုက်တယ်၊ အဲဒီသစ်သီးအစအနကို ကြက်ကလေးတစ်ကောင်က လာစားတာ၊ ကြက်ကလေးဟာ အဲဒီနေရာမှာ သေသွားတယ်၊ အဲဒါကိုတွေ့တဲ့ သမီးတော်ဟာ ကြက်တူရွေးက သူ့ကို သေစေချင်လို့ အဆိပ်ခတ်တာပဲလို့ ဆိုပြီး ကြက်တူရွေးကို သတ်စေလိုက်တယ်။

မကြာခင်မှာ သမီးတော်စိုက်ထားတဲ့ အစေ့ကနေ သစ်ပင်ကြီးပေါက်လာပြီး အရည်ရွှမ်းတဲ့သစ်သီးတွေ အများကြီးပဲ သီးနေတာ တွေ့ရတယ်၊ တစ်နေ့မှာ ဘုရင့်နန်းတော်တွင်းတွင် တခြားနိုင်ငံမှ သံတမန်အဖြစ် ရောက်ရှိနေသော အမတ်ကြီးသည် ဘုရင့်ဘဏ္ဍာကို ခိုးနေသော သူခိုးနှင့် ပက်ပင်းတွေ့လေသည်။ အဲဒီအချိန်မှာ သူခိုးက

mgyoe.com

mgyoe.com

လွတ်သွားပြီး၊ အဲဒီအမတ်အိုကြီး ဖမ်းဆီးခံရတယ်၊ ဘုရင်ကလည်း ခိုးရာပါပစ္စည်းနဲ့ လက်ပူးလက်ကြပ်မိတော့ အဲဒီသံအမတ်ကို ဥယျာဉ်ထဲက သေစေတဲ့ အသီးသီးတဲ့ အပင်မှာ ကြိုးနဲ့ ချည်နှောင်ထားလိုက်တယ်၊ သူ့ဘာသာ အစာငတ်ပြီး သေစေလိုတဲ့သဘောနဲ့ ဖြစ်တယ်၊ ညသန်းခေါင်လောက်ကျတော့ သံအမတ်အိုကြီးဟာ ရေဆာလာတယ်၊ ဒါကြောင့် သူ့ဘေးနားမှာ တွဲလောင်းကျနေတဲ့ အရည်ရွှမ်းတဲ့ သစ်သီးကို လှမ်းပြီး ကိုက်စားတယ်၊ သူ့စိတ်ထဲမှာတော့ သေချင်လည်း သေပါစေဆိုတဲ့ စိတ်နဲ့ပေါ့၊ ဒါပေမဲ့ သစ်သီးက အရသာရှိလွန်းလို့ စားလိုက်တာ တစ်လုံးလုံးကုန်သွားတယ်၊ သူ့ကိုယ်ဟာလည်း ပေါ့ပါးနေတယ်၊ ဒါကြောင့် သံအမတ်အိုကြီးဟာ သူ့လက်မှာ ချည်ထားတဲ့ ကြိုးတွေကို ရုန်းကြည့်တော့ ချက်ချင်းပြတ်သွားတယ်၊ သူကလည်း အလွန်နုပျိုလှပတဲ့ မင်းသားတစ်ပါးအသွင် ပြောင်းသွားတယ်၊ အဲဒီအချိန်မှာ မင်းသမီးလေးက လေသာပြတင်းပေါက်ကနေ ဥယျာဉ်ကို ထွက်ကြည့်တဲ့အခါ အလွန်နုပျိုလှပတဲ့ မင်းသားလေးကို တွေ့သွားပြီး တွေ့တွေ့ချင်း သဘောကျပြီး အပျိုတော်တစ်ယောက်ကို အခေါ်လွှတ်တယ်။

နောက်နေ့ကျတော့ တကယ့်သူခိုးကို ဖမ်းလို့ မိလာတယ်၊ ဘုရင့်နန်းတော်က ဆေးဆရာကလည်း ဘုရင့်သမီးရဲ့ကြက်ကလေး စားလိုက်တဲ့အသီးမှာ မြွေဆိပ်ရှိလို့ အခုလိုသေရတာ ဖြစ်ကြောင်း လာပြီးရှင်းပြတယ်။ အဲဒီမြွေကိုက်ထားတဲ့ သစ်သီးမှန်း မသိဘဲ ကြက်တူရွေးက ခူးပြီး ဆက်တာ ဖြစ်တယ်။

ဘုရင်ရော သမီးတော်ပါ မဆင်ခြင်ဘဲ စိတ်စောမှုကြောင့် ကြက်တူရွေးလည်း သေရတယ်၊ အမတ်အိုကြီးလည်း... အမတ်အိုကြီးကတော့ ကံကောင်းလို့ မသေဘဲ ဘုရင့်သမက်ဖြစ်သွားတယ်”

mgyoe.com

mgyoe.com

သူသတ်သမားရဲ့ ပုံပြင်အဆုံးမှာ ဘုရင်ကြီးက သူ့ဆုံးဖြတ်ချက်ကို မှားတယ်လို့ လုံးဝ သဘောမတူသေးချေ။ ထို့ကြောင့် တခြားလူသတ်သမားတိမ်းကို ခေါ်ပြန်သည်။ ပြီးလျှင် ညီနောင်နှစ်ပါးကို သတ်ရန် အမိန့်ပေးလေသည်။ တိမ်းက–

"အရှင်မင်းကြီး ဒီအဖြစ်က အလွန်ချမ်းသာတဲ့ ကုန်သည်ကြီးရဲ့အဖြစ်နဲ့ တူနိုင်ပါတယ်"ဟု လျှောက်တင်သည်။

ထိုအခါ ဘုရင်ကြီးက စိတ်ဝင်စားလာပြီး "ကဲ ပြောစမ်းပါဦး၊ မင်းရဲ့ကုန်သည်ပုံပြင်ကို"ဟု အမိန့်ရှိသည်။

သူသတ်သမားတိမ်းက အောက်ပါအတိုင်းပြောကြသည်။

"တစ်ခါက ကုန်သည်ကြီးတစ်ဦးမှာ အလွန်လှပတဲ့ ဇနီးမယားရှိတယ်၊ တစ်နေ့မှာ ကုန်သည်ကြီးဟာ အလုပ်ကိစ္စကြောင့် ခရီးဝေးသွားရမှာဖြစ်လို့ သူ့ရဲ့ခွေးကိုခေါ်ပြီး သခင်မကို ကောင်းကောင်းစောင့်ရှောက်ဖို့ မှာကြားခဲ့တယ်၊ ကုန်သည်ကြီး ခရီးသွားလို့ မကြာမီမှာ ကုန်သည်ကြီးဇနီးဖိတ်ခေါ်ထားတဲ့ မြို့စားကြီးရဲ့သားဟာ အိမ်ကို အလည်ရောက်လာတယ်၊ သူ့ဟာ ကုန်သည်ကြီးရဲ့ဇနီးနဲ့ ပျော်ပါးဖို့ အိပ်ခန်းထဲကို သွားတော့ ခွေးက သူ့သခင်မကို ရန်လုပ်မယ်အထင်နဲ့ ကိုက်သတ်လိုက်တယ်၊ ကုန်သည်ကြီးရဲ့ဇနီးကလည်း သူ့လင်ငယ်ကို ခွေးက ကိုက်လို့၊ ဓားနဲ့ နောက်က ခုတ်တယ်၊ အဲဒီအခါမှာ ခွေးက ဓားခုတ်တာကိုရှောင်ရင်း ကုန်သည်ကြီးရဲ့ဇနီးကိုလည်း ကိုက်သတ်လိုက်တယ်၊ ကုန်သည်ကြီးပြန်ရောက်လို့ သူ့ဇနီး သေဆုံးနေတာ တွေ့ရပြီး ခွေးကိုလည်း ဓားဒဏ်ရာနဲ့တွေ့ရလို့ ခွေးကို ချက်ချင်းသတ် ပစ်လိုက်တယ်၊ ခွေးကို သတ်အပြီးမှာ သူ့ခုတင်ပေါ်မှာ သေဆုံးနေတဲ့ မြို့စားရဲ့သားကို တွေ့ရတယ်၊ ဒီတော့မှ သူ့ခွေးကို မှားပြီးသတ်မိတာ သိရတယ်"

mgyoe.com

mgyoe.com

သူသတ်သမားရဲ့စကားအဆုံးမှာ ဘုရင်ကြီးသည် ထိုအမှုကို ချက်ချင်း စီရင်ချက်မချဘဲ ရက်ရွှေ့ဆိုင်းရန် အမိန့်ချမှတ်လိုက်သည်။ ဘုရင်ကြီး၏စိတ်ထဲတွင် သူသည် ပြစ်မှုကျူးလွန်သူ၊ ပြစ်မှုကျူးလွန်ခြင်းခံရသူ၊ တရားလို တရားခံတို့၏စကားများကို မကြားနာရသေးကြောင်း သတိရလာသည်။ ထို့ကြောင့် သဘော်ပေါ်မှ မာလိန်မှူး၏ ဇနီးကို ခေါ်စေသည်။

ဘုရင်ကြီးနှင့် မာလိန်မှူး၏ဇနီးတို့ တစ်ဦးကို တစ်ဦး တွေ့လိုက်သည်နှင့် စိတ်ထဲတွင် ချက်ချင်းမှတ်မိကာ အံ့သြနေကြပြန်သည်။ သူတို့သည် မျက်ရည်မကျအောင် ထိန်းနေကြသည်။ ထိုအခါတွင် တရားသူကြီးက လူရွယ်နှစ်ယောက်ကို စစ်ဆေးသည်။

သားအကြီးက "ကျွန်တော့်တို့ညီအစ်ကို သဘော်ပေါ်မှာ မာလိန်မှူး၏ဇနီးကို အိပ်ဖန်စောင့်သွား၍ လုပ်ရပါတယ်၊ ညရောက်တော့ ကျွန်တော့် ညီဟာ အိပ်ပျော်သွားတယ်၊ ကျွန်တော်အိပ်ချင်တော့ ညီလေးကို တစ်လှည့်စောင့်ဖို့ နိုးဖါတယ်၊ သူက မထတော့ ကျွန်တော်တို့နှစ်ယောက် ရန်ဖြစ်ကြပါတယ်၊ ကျွန်တော်က နေရာတကာမှာ အကြီးဖြစ်တဲ့အတွက် ညာခဲ့တာတွေ၊ ကူညီခဲ့တာတွေ ပြောပြပါတယ်၊ နောက်တော့ ကျွန်တော်တို့ညီအစ်ကိုဟာ အဖေနဲ့အမေ မရှိဘဲ ဘယ်လိုဒုက္ခခံခဲ့ရတာတွေကိုပါ ညီလေးကို ပြောပြပါတယ်၊ အဲဒီအခါမှာ အဲဒီအမျိုးသမီးကြီးက သူ့ပြတင်းပေါက်တံခါးကို ဖွင့်ပြီး ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို လှမ်းပြီးဖက်ပါတယ်၊ ပြီးတော့ သူဟာ ကျွန်တော်တို့မိခင် ဖြစ်တယ်လို့ ပြောတယ်၊ ကျွန်တော်က ငယ်ငယ်တုန်းက အဖြစ်အပျက်တွေ ပြန်ပြောတာကို ကြားရလို့ သိရတယ်လို့ ပြောပါတယ်" ဟု ရှင်းပြသည်။

ထိုအခါ တရားသူကြီးက မာလိန်မှူး၏မိန်းမကို မေးမြန်းပြန်

mgyoe.com

mgyoe.com

သည်။ မာလိန်မှူး၏မိန်းမက သူသည် မာလိန်မှူး၏ဇနီး မဟုတ်ကြောင်း၊ ဤမာလိန်မှူးမှာလည်း ပင်လယ်ဓားပြဖြစ်ကြောင်း၊ သူ့ကို သူ့ခင်ပွန်းဘုရင်ကြီးက တစ်ဖက်ကမ်းတွင်ထားခဲ့စဉ် ပင်လယ်ဓားပြက ဖမ်းဆီးပြီး ရတနာပစ္စည်းများ သိမ်းဆည်းကာ ကျွန်အဖြစ် ဖမ်းထားကြောင်း ရှင်းပြသည်။ ထိုအခါ မာလိန်မှူးယောင်ဆောင်နေသော ပင်လယ်ဓားပြသည် တရားခွင်မှ ရှောင်ထွက်ပြီး သူ့သင်္ဘောနှင့် ထွက်ပြေးသွားသည်။

နောက်ဆုံးတွင် တရားသူကြီးက ဘုရင်ကြီးအား သူ့အမိန့်သည် ယခင်အတိုင်း အတည်ဖြစ်ပါသလားဟု မေးသည်။

ထိုအခါ ဘုရင်ကြီးက"ကျွန်ုပ်စီရင်ချက်ချတာဟာ မှားပါတယ်၊ ဒီလူရွယ်နှစ်ယောက်ဟာ အပြစ်မရှိပါ၊ သူတို့ဟာ ကျွန်ုပ်၏ သားတော်နှစ်ပါး ဖြစ်ပါတယ်၊ ဒီအမျိုးသမီးသည် ကျွန်ုပ်၏မိဖုရားခေါင်ကြီးဖြစ်တဲ့အတွက် နန်းတွင်းသို့ ခေါ်ဆောင်ရပါမယ်" ဟု မိန့်တော်မူသည်။

ပုံပြင်၏အဆုံးတွင် မင်း မိဖုရားနှစ်ပါးသည် သားတော်များနှင့်အတူ တိုင်းပြည်ကို အုပ်ချုပ်ကြလေသည်။

❑

mgyoe.com

mgyoe.com

# မသာလည်းတ၊ သာလည်တ

ဟိုးရှေးရှေးတုန်းက နေနတ်သား၊ လနတ်သမီးနှင့် လေနတ်သားတို့ မောင်နှမသုံးယောက် ရှိကြသည်။ ၎င်းတို့၏မိခင်မှာ ကြယ်တာရာ နတ်သမီးပင် ဖြစ်သည်။ တစ်နေ့သော် ၎င်းတို့၏ဦးလေး မိုးနတ်သား နှင့် ဒေါ်လေး လျှပ်စီးနတ်သမီးတို့၏ အိမ်ဂေဟာတွင် ထမင်းစားဖိတ် သဖြင့် မောင်နှမသုံးယောက် သွားကြသည်။ သူတို့ မောင်နှမတစ်စု ခရီးမထွက်မီတွင် မေမေ ကြယ်တာရာနတ်သမီးကို နှုတ်ဆက်ကြပြီး သူတို့အပြန်တွင် သူ့မိခင်အတွက် စားစရာများ သယ်လာကြမည့် အကြောင်း ကတိပေးကြလေသည်။

သို့နှင့် မောင်နှမသုံးယောက်သည် ၎င်းတို့၏ ဦးလေးနှင့် ဒေါ်လေးတို့အိမ်တွင် ပျော်ပျော်ပါးပါး ကခုန်ပြီး သီချင်းဆိုကြနှင့် အလွန်ပျော်ရွှင်ကြလေသည်။

ထမင်းစားသောက်ရန် အချိန်ကျရောက်သောအခါ နေနတ်သား နှင့် လေနတ်သားတို့သည် စားကောင်းသောက်ဖွယ်များကို လောဘ တကြီးနှင့် စားကြသောက်ကြသည်။ သူတို့ရှေ့ရောက်သမျှ ဟင်းမည် အားလုံးကိုပဲ ပြောင်အောင်စားပစ်ကြသည်။ ဘေးမှ သူတို့နှင့်အတူ

mgyoe.com